2009

# အရှင်ဇဝန

## (မေတ္တာရှင်–ရွှေပြည်သာ)



Ashinzawana
www.mettashin.org
2-11-2009

သာသနာတော်နှစ် ၂၅၄၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၇ ခုနှစ်
တော်သလင်းလပြည့်ကျော် (၂ ) ရက်နေ့ည
တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်ရွာ၊ သစ်ညီနောင်ဓမ္မရိပ်သာအတွင်း၌
ကျင်းပပြုလုပ်အပ်သော ဝါတွင်းတရားစခန်း ဒုတိယမြောက်ည၌ ဟောကြားအပ်သည့်

**သစ္စာလေးပါး အပိုင်း(၂) တရားတော်**

* * *

မနေ့ညက အပိုင်း ၁၊ မိုးသံတွေကဆူလို့၊ တစ်ချို့လည်းပဲ မကြားမိတာလည်း ရှိမယ်၊ သစ္စာလေးပါး အကြောင်းလေး ပြန်ပြောပြမယ်၊ သစ္စာလေးပါးကို သိဖို့ဆိုရင် သစ္စာလေးပါးရဲ့ သရုပ်ကို သိရမယ်၊ သရုပ်ဆိုတာ အရေအတွက်ကို ပြောတာ၊ နောက် သစ္စာလေးပါးရဲ့ အဓိပ္ပါယ်ကို သိရမယ်၊ နောက် သစ္စာလေးပါးရဲ့ ကိစ္စကိုလည်း သိရမယ်။

ဘယ်သစ္စာကို ဘယ်လိုလုပ်ရမယ်ဆိုတာပေ့ါ၊ အဲဒီတော့ ပထမဆုံး သိဖို့ကတော့ ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ ဒါသရုပ်ပေ့ါ၊ သရုပ်ပြီးလို့ရှိရင် အဓိပ္ပါယ်ကို ပြောမယ်။

ဒုက္ခသစ္စာ -ဆိုတာ ဆင်းရဲတာ အမှန်တရား၊ ဆင်းရဲအစစ်ပေ့ါ၊ ဒါ ဒုက္ခသစ္စာ။

သမုဒယသစ္စာ -ဆင်းရဲသို့ ရောက်ကြောင်းအမှန်။

နိရောဓသစ္စာ -ဆင်းရဲချုပ်ရာအမှန်။

မဂ္ဂသစ္စာ -ဆင်းရဲချုပ်ရာသို့ ကျင့်ကြောင်းအမှန်။

ဒါက အဓိပ္ပါယ်ပေ့ါ၊ သစ္စာလေးပါးရဲ့ အဓိပ္ပါယ်နဲ့ သရုပ်ကို ပြောလို့ပြီးပြီ၊ သစ္စာလေးပါးကို အရကောက် ပြမယ်၊ ဒုက္ခသစ္စာအရ ဘာတွေရသလဲဆိုရင် ပရိသတ်များ နားလည်အောင် ပြောပြရမယ်ဆိုရင်တော့ ရုပ်နဲ့နာမ်ကိုရတယ်၊ သို့မဟုတ် ခန္ဓာငါးပါးကိုရတယ်လို့ ပထမဆုံး အကျဉ်းလေးမှတ်ပေ့ါ။

ဒါက ဝိပဿနာအသုံးအနှုန်း၊ အခု စာပေ အသုံးအနှုန်းနဲ့ ပြောရင် ဒုက္ခသစ္စာအရ လောကီစိတ် ၈၁ ပါး၊ လောကုတ္တရာစိတ်တွေကို မရဘူး၊ လောဘကြဉ်သော စေတသိက် ၅၁ပါး၊ ရုပ် ၂၈ပါးတဲ့၊ အဲဒါ ဒုက္ခသစ္စာရဲ့ အရကောက်ပဲ၊ အဲဒါလေးကို ခန္ဓာဖွဲ့ရင် ခန္ဓာငါးပါး ဖြစ်သွားတာပဲ။

ဒါ့ကြောင့် ခန္ဓာဟာ ဒုက္ခသစ္စာလို့ မှတ်၊ လူ့ဘဝ လူ့ခန္ဓာ နတ်ဘဝနတ်ခန္ဓာ ဗြဟ္မာဘဝဗြဟ္မာခန္ဓာ အပါယ် ဘဝအပါယ်ခန္ဓာ ဘယ်ခန္ဓာရရ ဘာသစ္စာ။

(ဒုက္ခသစ္စာပါဘုရား)။

အဲဒီလို ပိုင်ပိုင်နိုင်နိုင် သိရမယ်၊ အဲဒီတော့ အခြေခံက စပြောပြတာ၊ သမုဒယသစ္စာအရကျတော့ လောဘ စေတသိက်ကို ကောက်တယ်၊ ဒါ ပဓာနနည်းပေ့ါ၊ အပဓာနနည်းအားဖြင့်တော့ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဆိုတဲ့ ကိလေသာဆယ်ပါးလုံးကို ကောက်ရတယ်။

နိရောဓသစ္စာအရ- နိဗ္ဗာန်ကိုကောက်ရမယ်၊ နိဗ္ဗာန်ကိုကျတော့ နောက်ရက်တွေကျတော့ အကျယ်ပြောရမှာပေ့ါ၊ မဂ္ဂသစ္စာက မဂ္ဂင်တရားကိုယ် ရှစ်ပါး။ **သမ္မာဒိဋ္ဌိ** -မှန်စွာသိခြင်း-ပညာစေတသိက်၊ မနေ့ညက ပြောပြခဲ့ပြီ၊ **သမ္မာသင်္ကပ္ပ** - မှန်စွာကြံစည်ခြင်း၊ ဝိတက်စေတသိက်၊ အဲဒီနှစ်ပါးကို ပညာမဂ္ဂင်(ပညာသာသနာ)လို့ မှတ်။

အဘိဓမ္မာပိဋကတ်၊ အဘိဓမ္မာအနှစ်ချုပ်ဟာ ဒီပညာပဲ၊ နောက် **သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာဝါယမ သမ္မာဝါစာ** - ကောင်းစွာပြောခြင်း၊ မှန်စွာပြောခြင်း၊ ဒါဆို မမှန်သောပြောခြင်း လေးမျိုးလို့

မနေ့က ရှင်းပြခဲ့တယ်၊ မုသာဝါဒ လိမ်လည်ပြောဆိုခြင်း၊ လိမ်ပြောတာက မကောင်းတာက မိစ္ဆာဝါစာလို့ ဆိုတာပေါ့၊ ပိသုဏဝါစာ-တဲ့၊ တစ်ယောက်နဲ့တစ်ယောက် မတည့်အောင် ကုန်းတိုက်တာပေါ့၊ ဖရုသဝါစာ- ရုန့်ရင်းတဲ့စကား၊ ကြမ်းတဲ့စကား ပြောတယ်၊ သမ္ဖပ္ပလာပဝါစာ -အပြိန်အဖျင်း ဘာမှ အကျိုးမရှိတဲ့စကား ကို ပြောတယ်၊ အဲဒီလေးမျိုးက ရှောင်ကြဉ် တာဟာ သမ္မာဝါစာ။

အဲဒီတော့ ယောဂီတို့က မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို လိုချင်တာဆိုရင် နားထောင်၊ မှတ်ထားကြ။ အဲဒီလိမ်ပြောတဲ့ စကားတွေ မပြောရဘူး၊ ကုန်းတိုက်တဲ့စကားတွေ မပြောရဘူး၊ ပညာရှိများနားမှာ မခံသာတဲ့ ကြမ်းတမ်းတဲ့ ရုန့်ရင်းတဲ့ စကားတွေကို မပြောရဘူး၊ ဘာမှမဟုတ်တဲ့ မင်းသား မင်းသမီး အကြောင်း၊ လောကီအကြောင်းတွေကို မပြောရဘူး၊ ပြောရင် သမ္မာဝါစာမဂ္ဂင် မရှိတော့ဘူး။

နောက် သမ္မာကမ္မန္တ- မှန်သော ပြုလုပ်ခြင်း၊ မှန်သောအမှုပေါ့၊ မှန်သောပြုလုပ်ခြင်းဆိုတာ ဘာလဲ ဆိုတော့ မှန်သောပြုလုပ်ခြင်းရဲ့ ဆန့်ကျင်ဘက်၊ မမှန်သောပြုလုပ်ခြင်း ပါဏာတိပါတ-သူ့အသက်သတ် တာ၊ အဒိန္နာဒါန- သူ့ဥစ္စာခိုး၊ ကာမေသုမိစ္ဆာစာရ- သူတစ်ပါး မယားလင်တွေ ပြစ်မှားတယ်၊ အဲဒါ မကောင်းတဲ့ မမှန်တဲ့အမှု အဲဒါ တွေကို ရှောင်ကြဉ်ရမယ်။

သမ္မာအာဇီဝ- ကောင်းသော အသက်မွေးမှု၊ အဲဒီကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး ရှောင်ကြဉ်ပြီးတော့ ကောင်းကောင်းမွန်မွန် အသက်မွေးဝမ်းကျောင်းပြုတာ သမ္မာအာဇီဝမဂ္ဂင်။

သမ္မာဝါယာမ- မှန်စွာအားထုတ်ခြင်း၊ ကောင်းစွာအားထုတ်ခြင်း၊ ဝီရိယစေတသိက်။

သမ္မာသတိ- ကောင်းစွာအမှတ်ရခြင်း။

သမ္မာသမာဓိ - ကောင်းစွာတည်ကြည်ခြင်း-လို့ မဂ္ဂင်ဘယ်နှစ်ပါးပါလိမ့်။

(ရှစ်ပါးပါဘုရား)။

အဲဒါ မဂ္ဂသစ္စာ၊ ဒါပေမယ့် ဦးဇင်းတို့ ယောဂီတို့ တရားကို ရှုမှတ်ပြီဆိုရင် သီလမဂ္ဂင် ၃ပါးမှ တစ်ပါး ကျန် ပညာမဂ္ဂင်နဲ့ သမာဓိမဂ္ဂင် တစ်ခါတည်းပါတယ်လို့ မှတ်ပါလိုက်။

သမ္မာဒိဋ္ဌိနဲ့ သမ္မသင်္ကပ္ပမဂ္ဂင်နှစ်ပါးကို ပညာမဂ္ဂင်လို့မှတ်၊ သမ္မာဝါစာ သမ္မကမ္မန္တ သမ္မာအာဇီဝ သုံးပါးကို သီလမဂ္ဂင်လို့မှတ်၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ မဂ္ဂင်သုံးပါးကို သမာဓိမဂ္ဂင်လို့ မှတ်၊ ဒီ မဂ္ဂင်ရှစ်ပါးဟာ **သီလ သမာဓိ ပညာ** သုံးပါးပဲ။ ခုနက ပညာမဂ္ဂင်အရ -အဘိဓမ္မာပိဋကတ်၊ အဘိဓမ္မာပိဋကတ် အနှစ်ချုပ်က ပညာပဲ၊ ဝိနည်းပိဋကတ် အနှစ်ချုပ်က သီလ၊ သီလမဂ္ဂင်အရ ဝိနယ ပိဋကတ်ကိုယူ၊ နောက် သမာဓိမဂ္ဂင်အရ သုတ္တန္တပိဋကတ်၊ မဂ္ဂင်ရှစ်ပါးထဲမှာ ပိဋကတ်သုံးပုံလုံး ပါသွား တယ်။

ပိဋကတ်သုံးပုံအနှစ်ချုပ်က မဂ္ဂင်ရှစ်ပါးပေါ့၊ ဒါက မနေ့ညက မိုးတွေသည်းနေလို့ ယောဂီတို့ မသိမှာစိုး တဲ့အတွက် အဆင့်မြင်လာတဲ့အခါကျတော့ ဒီအခြေခံတွေက မသိရင် မဖြစ်ဘူးပေါ့၊ အဲဒါကို သိပြီးတော့ သစ္စာ လေးပါးရဲ့ကိစ္စ၊ ဘယ်သစ္စာက ဘာကိစ္စ ဘယ်လိုလုပ်ရမှာလဲပေါ့၊ ဘယ်သစ္စာ ဘယ်သဘောရှိသလဲစတာတွေကိုပေါ့။ ဒုက္ခသစ္စာက ပရိညာတဗ္ဗကိစ္စ = သိရမယ့်တရားလို့မှတ်၊ ဒုက္ခ သစ္စာက ဘာလုပ်ရမယ့်တရားလဲ။

(သိရမယ့်တရားပါဘုရား)။

မှတ်. . မှတ်၊ ယောဂီတို့ အရေးကြီးလို့မေးတာ၊ ဝိပဿနာဟာ လောကမှာ ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ တအားများလို့ ပြီးတော့ပြောပြမယ်။

သမုဒယကိစ္စက ပဟာတဗ္ဗကိစ္စ= ပယ်သတ်ရမယ့်ကိစ္စ၊ ဝိပဿနာရှုပွားတယ်ဆိုတာ၊ တဏှာကို သတ်နေ တာ၊ ဘာကို သတ်တာလဲ ပရိသတ်။

(တဏှာကို သတ်တာပါဘုရား)။

တဏှာကို သတ်တာ၊ အခုခေတ်က တဏှာကို မသတ်ဘူး၊ ဝေဒနာလိုက်သတ်နေတယ်၊ ဘာကို လိုက် သတ်နေတာလဲ။

(ဝေဒနာကို လိုက်သတ်နေတာပါဘုရား)။

မှားတယ်၊ ဝိပဿနာဆယ်ခုဆိုရင် ရှစ်ခုလောက်က အမှားကြီးနဲ့ လုပ်နေတာ၊ ယောဂီက ထိုင်ပြီဆိုရင် ထိုင်၊ နာလည်းမပြင်နဲ့၊ အဲဒီ နာတာကြီးပျောက်အောင် ထိုင်ခိုင်းတာ၊ မထိုင်ခိုင်းဘူးလား ယောဂီတို့။

(ထိုင်ခိုင်းပါတယ်ဘုရား)။

အဲဒီ နာတာကိုပယ်သတ်ခိုင်းတာ နာတာဟာ ဒုက္ခဝေဒနာ၊ ဘာဝေဒနာလဲ။

(ဒုက္ခဝေဒနာပါဘုရား)။

သူများမေးရင် ပြောတတ်အောင်လို့ အခြေခံကစပြီး ရှင်းပြတာ၊ အဲတော့ ဒုက္ခဝေဒနာကို သစ္စာလေးပါး ထည့်ကြရအောင်၊ ဘယ်ထဲပါမလဲလို့၊ စောစောက ဒုက္ခသစ္စဖွဲ့တော့ကျတော့ လောကီစိတ် (၈၁) ပါး၊ လောကကြဉ်သောစေတသိက် (၅၁) ပါး၊ ရုပ် (၂၈) ပါး၊ လောဘကတော့ သမုဒယသစ္စာပေါ့၊ သမုသစ္စာအရကတော့ ဒီမှာ လောဘစေတသိက်တစ်လုံးပဲ အဓိကကောက်ထားတယ်။

အဲတော့ ဒုက္ခဝေဒနာဆိုတာ ခံစားတဲ့သဘော ဝေဒနာစေတသိက်ပေါ့၊ ဒါကြောင့် လောဘကြဉ်သော စေတသိက် (၅၁) ပါးထဲမှာ ဝေဒနာစေတသိက်မပါဘူးလား။

(ပါပါတယ်ဘုရား)။

ဒါဆို ယောဂီတို့ ကိုယ်တိုင်ဖြေစမ်း၊ ဆင်းရဲတဲ့ဒုက္ခဝေဒနာဟာ၊ သမုဒယသစ္စာလား၊ ဒုက္ခသစ္စာ လား။

(ဒုက္ခသစ္စာပါဘုရား)။

ပိုင်ပိုင်နိုင်နိုင်သိရမယ်၊ သူပြောလူပြောမဟုတ်ဘူး၊ တကယ်သိရမယ်၊ ဒါဆိုပြန်ကြည့်၊ ဒုက္ခဝေဒနာဟာ၊ ခံစားတဲ့ဒုက္ခဝေဒနာဟာ၊ ဒုက္ခသစ္စာဆိုတော့ ဒီဒုက္ခဟာ ပယ်ရမယ့်တရားလား၊ သိရမယ့်တရားလား။

(သိရမယ့်တရားပါဘုရား)။

ကြည့်စမ်း၊ ရိပ်သာဆယ်ခုမှာ ရှစ်ခုလောက်က အဲဒါကို ပယ်ခိုင်းနေတာ၊ ကုန်အောင်လိုက်၊ ဘယ်တော့မှ မကုန်ဘူးမှတ်ထား၊ နောက်ဆုံး ကြာကြာထိုင်တော့ မချိမဆန့်ထိုင်တော့ ဝေဒနာတော့ မကုန်ပါဘူး၊ ခံနိုင်ရည် ရှိသွားတယ်။

ဥပမာပေးမယ်၊ အခုဦးဇင်းရဲ့ ဥပဇ္ဈာယ်ဆရာကတော့ ပျံလွန်တော်မူသွားရှာပြီ၊ ဦးဇင်းတို့ ဥပဇ္ဈာယ်ဆရာကတအား အရိုက်ကြမ်းတယ်၊ နည်းနည်းလေးမှားလိုက်တာနဲ့ ခေါင်းကို လက်သီးနဲ့ ထိုးတာ၊ ဦးဇင်းတို့ အဲဒီမှာ လေးဝါဝတ်ခဲ့တယ်၊ တစ်နေ့ကို လေးကြိမ်လောက် ခေါင်းကိုအထိုးခံရတယ်၊ ကြာတော့ ယောဂီတို့ရေ မနာတော့ဘူး။

ကြာတော့ ဘာဖြစ်သွားတုန်း။

(မနာတော့ပါဘူးဘုရား)။

နေ့တိုင်း အထိုးခံရတော့ ထုံသွားတာပေါ့နော်၊ တကယ်တော့ ယောဂီများရေ မနာပဲတော့နေပါ့မ လား။

(မနေပါဘူးဘုရား)။

မနေပါဘူး၊ ကြာတော့ ခံနိုင်ရည်ရှိသွားတာ၊ ကြိုက်သလောက်ထိုး နောက်ကျတော့ သိပ်ပြီးတော့ ဂရုမစိုက်တော့ဘူး၊ အခုလဲ ဒီအတိုင်းပါပဲ၊ တအားဖိထိုင်ပါများတော့ အဲဒီဝေဒနာဟာ ယောဂီတို့ ခံနိုင်ရည်ရှိသွားတာပဲ၊ အဲဒါကို ရိပ်သာဆရာတွေက ဝေဒနာကုန်တယ်တဲ့၊ ကြည့်စမ်း၊ ဘာကုန်တာလဲ။

(ဝေဒနာကုန်တာပါဘုရား)။

ယောဂီတို့ ဝေဒနာဟာ ကုန်ကောင်းရဲ့လား။

(မကုန်ကောင်းပါဘူးဘုရား)။

ဘယ်ကုန်မှာတုန်း ရဟန္တာလည်း ဝေဒနာရှိတယ်၊ ဘုရားလည်း ဝေဒနာရှိတယ်၊ မကုန်ပါဘူး၊ ဝေဒနာဟာ မမြဲဘူးလို့ သိရုံသိရမှာ၊ ယောဂီတို့ ဒါဟာ နည်းနည်းနောနော အမှားမဟုတ်ဘူးနော်၊ တအားမှားနေကြတာ၊ မှားတော့ ယောဂီတို့ ပင်ပန်းတာပေ့ါ၊ ဆင်းရဲတာပေ့ါ၊ နောက်တော့ တချို့ယောဂီတွေက တရားမထိုင်ရဲတော့ဘူး၊ ကြောက်သွားတာပေ့ါ၊ အဲဒါတရား အမှားနဲ့သွားတွေ့လို့။

ဩော် ဒါဆိုရင် ဒုက္ခဝေဒနာဟာ မမြဲတဲ့တရားပဲလို့ သိရုံသိရမှာပဲ၊ ဒါပဲပြင်ကြ ယောဂီတို့၊ သုခဝေဒနာလည်း မမြဲတဲ့တရားပဲ၊ ဒုက္ခဝေဒနာရော။

(မမြဲတဲ့တရားပါပဲဘုရား)။

ဥပေက္ခာဝေဒနာရော။ (မမြဲတဲ့တရားပါပဲဘုရား)။

မမြဲတဲ့တရားလို့ ဝေဒနာသုံးမျိုးလုံးကို ပါယ်ရမှာလား၊ မမြဲလို့ သိရမှာလား။

(မမြဲလို့ သိရမှာပါဘုရား)။ တော်ပြီ ဒါပဲအဖြေက။

သိရုံသိရတာ မကုန်ကောင်းဘူး၊ ပြောချင်တယ်၊ အဲဒီလို ဝေဒနာကို ကုန်သွားပြီလို့ ပြောတဲ့ ယောဂီတွေ ခေါ်ခဲ့၊ အနားရောက်မှ သူ့ခေါင်းကို ကြိမ်တုတ်နဲ့ နာနာလေး လေးချက်လောက် ရိုက်လိုက်မယ်၊ သူမနာဘူးလား ယောဂီတို့။ (နာပါတယ်ဘုရား)။

ဝေဒနာကုန်ရင် မနာရဘူး၊ အခုပြန်နာလို့ရှိရင် ဝေဒနာ ကုန်သလား၊ မကုန်ဘူးလား၊ (မကုန်ပါဘူးဘုရား)။ မှတ်ထားယောဂီတို့ ဘယ်တော့မှ မကုန်ဘူး၊ ပွင့်ပွင့်လင်းလင်းပြောရရင် တချို့ကလည်း အသက်ကြီးမှ ဘုန်းကြီးဝတ်ပြီး တရားပြ၊ ဘာစာမှလည်း မတတ်ဘူး၊ ရမ်းပြီး တရားပြကြတယ်၊ အဲဒီတော့ ယောဂီတို့ ပင်ပန်းတယ်၊ ဆင်းရဲတယ်၊ ဘာတရားမှလည်း မရဘူး။

သူတို့ဟာ သူတို့ဆရာပြတဲ့နည်းကို ဘုရားဒေသနာတော်နဲ့ မငြှိတတ်ကြဘူး၊ ဦးဇင်းတို့က ယောဂီတို့ကို ရမ်းပြီး မပြဘူး၊ ဦးဇင်းတို့မှာ ဆရာသမားတွေ အများကြီး၊ အဲဒီဆရာတွေရဲ့ တရားကို ကိုယ်တိုင်နာတယ်၊ ကျင့်တယ်၊ ကျင့်ကြည့်တယ်၊ ပြီးတော့မှ ပိဋကတ်ကို ချပြီး တိုက်ဆိုင်ကြည့်တယ်၊ ဘုရားဟောနဲ့ ညီမှ ယောဂီတို့ကို အခုလို ပြသတာဖြစ်လို့ ဘယ်တော့မှ မမှားဘူး။

တစ်ချို့က အဲဒီလို မတိုက်ဆိုင်ကြည့်ကြဘူး၊ ငါ့ဆရာပြတာ မှန်မှာပဲလို့ ယူဆပြီး အဲဒီအတိုင်း သွားကြတယ်၊ အခု ဦးဇင်းဆီရောက်နေတဲ့ ဘိုကလေးက ဦးဇင်းလေးတစ်ပါး လျှောက်တယ်၊ ဘယ်လောက် သံဝေဂရဖို့ကောင်း လိုက်သလဲလို့၊ ရိပ်သာနာမည်တော့ မပြောပါရစေနဲ့တော့၊ မကောင်းဘူးပေ့ါနော်၊ အဲဒီ ဘုန်းကြီးတစ်ပါးက သူတို့ ဘိုကလေးဘက် တရားလာပြတယ်၊ ပလ္လင်ပေါ်ကနေ ယောဂီတို့ရေ၊ လုပ်ကြ နှစ်နာရီ မထရဘူးဆိုပြီး ထိုင်ခိုင်းတာ၊ အဲဒီမှာ လူငယ်လေး ၂ ယောက်ကလည်း အခုမှ တရားထိုင်ခါစကိုး၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တရားကလည်း ရချင်တယ်၊ ဒီဘုန်းကြီးကိုယုံပြီးတော့ တအားထိုင်တာပဲ၊ ရှူရှူဆို နင်းကန် ရှူတော့တာပဲ၊ နပ်ချေးတွေဘာတွေထွက်ပေ့ါ။ တံတွေးတွေဘာတွေ ထွက်ပေ့ါ။

နောက်ပြီးတော့ ယောဂီတို့ ကောင်လေးတစ်ယောက်က ပက်လက်လန် အသက်ရှူရပ်ပြီးတော့ သေကို သေသွားတာ၊ ကြည့်စမ်း . . . . ယောဂီတို့ ဘယ်မှာလဲတရား၊ ဘုရားဟော မရှိဘူး၊ တစ်ယောက်က ဆေးရုံတင် လိုက်ရတယ်၊ ဘယ်လောက် ဝမ်းနည်းဖို့ ကောင်းသလဲ၊ တရားအမှားတွေ၊ အဲဒီဘုန်းကြီးကို ကြည့်တော့ အသက် ကြီးမှဝတ်တာ၊ ဘာစာမှ မတတ်ဘူး၊ အသက်ကလည်း ကြီးပြီ။

တရားကို ရမ်းပြနေတာလေ၊ သိပ်ဝမ်းနည်းဖို့ ကောင်းပါတယ်၊ ဒ့ါကြောင့် ဝိပဿနာဆိုတာကို တစ်ချို့က ကြောက်ကုန်ကြတာ၊ အဲဒါ တရားအမှားတွေ၊ ဒါကြောင့် ဦးဇင်းတို့ အပင်ပန်းခံပြီးတော့ ဒီကို လာပြသပေးတာ၊ ဒါဟာ ဝိပဿနာလောကမှာ အမှားကြီးတစ်ခုကို ရှင်းပြလိုက်တာပေါ့။

ဒါဆိုရင် သိကြပြီ၊ သမုဒယသစ္စာက ပယ်ရမှာ၊ သမုဒယသစ္စာက ဘာလုပ်ရမှာလဲ။ (ပယ်ရမယ့် တရားပါဘုရား) ပယ်ရမှာနော်၊ ယောဂီတို့ ဆိုကြပါစို့၊ ကောင်းကောင်းလေး စားရတဲ့အခါ သုခဝေဒနာ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)။ အဲဒီတော့ တဏှာမပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား)။ တဏှာအ ပေါ်မခံနဲ့၊ အဲဒီ သုခဝေဒနာ မမြဲမှုကို ကြည့်လိုက်၊ ရှုလိုက်လို့ရှိရင် တဏှာပေါ်မလာတော့ဘူး။

အဲဒါ သမုဒယသစ္စာ တဏှာကို ပယ်တာပဲ၊ တဏှာကို အဲဒီအတိုင်း သတ်ရတယ်၊ ဒုက္ခဝေဒနာရော ပြန်မေးစရာရှိတယ်ပေါ့၊ ယောဂီတို့ အခု ပဋိစ္စသမုပ္ပါဒ် သင်တန်းတရားတော်တွေ နာဖူးတဲ့ ပုဂ္ဂိုလ်ကများ ပါတယ်၊ ဝေဒနာ ပစ္စယာ ဘာတဲ့။ (တဏှာပါဘုရား)။

တဏှာနော်၊ ကဲ သုခဝေဒနာ ဖြစ်တာတော့ ဟုတ်ပါပြီ၊ သုခဝေဒနာလည်း တဏှာဟုတ်ပါတယ်၊ ကောင်းတဲ့ ဝေဒနာဆိုရင် လိုချင်တာပေါ့၊ ဉပမာ ယောဂီတို့ ဖျားပြီ၊ ခေါင်းတွေကိုက်နေပြီတဲ့၊ သုခဝေဒနာ လား၊ ဒုက္ခဝေ ဒနာလား၊ (ဒုက္ခဝေဒနာပါဘုရား)။ အဲဒီတော့ ဒီအချိန်မှာ တဏှာဘယ်လိုဖြစ်မလဲ၊ စဉ်း စားဖို့ပေါ့။

ဝိပဿနာဆိုတာ ဉာဏ်အလုပ် ယောဂီတို့၊ ပဋိစ္စသမုပ္ပါဒ်မှာ ဝေဒနာပစ္စယာ ဘာတဲ့လဲ၊ (တဏှာ ပါဘုရား) အခု ဒီမှာက သုခဝေဒနာလား၊ ဒုက္ခဝေဒနာလား၊ (ဒုက္ခဝေဒနာပါဘုရား)။

ဒါဆိုရင် တဏှာဘယ်လိုဖြစ်မလဲတဲ့၊ မေးခွန်းက ချမ်းသာတဲ့ သုခဝေဒနာဆိုရင်တော့ တဏှာလာ မှာပဲ၊ အခုဟာက ဆင်းရဲတဲ့ ဒုက္ခဝေဒနာကြီး၊ ဒါဆို ပဋိစ္စသမုပ္ပါဒ် ပျက်မလား၊ မပျက်ပါဘူးတဲ့၊ ဒုက္ခဝေ နာလည်း တဏှာဖြစ်တာပဲ၊ ဘယ်နည်းနဲ့ ဖြစ်သလဲဆိုရင် အဲဒီ ဒုက္ခကနေ လွတ်ချင်တဲ့တဏှာ၊ ဟော ဒုက္ခက လွတ်ချင်တဲ့ အရာကဘာလဲ၊ (တဏှာပါဘုရား)။

ဒါ ဉာဏ်ယောဂီတို့၊ ဝိပဿနာဆိုတာ အဲဒီလို ဉာဏ်နဲ့ သွားရတာ၊ ဩော် ဒီအတိုင်း ဖြစ်သွားတာကို၊ အဲဒီတော့ ဦးဇင်းတို့ ယောဂီများ ဘာဝေဒနာဖြစ်ဖြစ် မမြဲဘူးလို့ ရှုလိုက်ရင် လောဘလည်း မလာဘူး၊ ဒေါသလည်း မလာဘူး၊ မောဟလည်း မလာဘူး။

အကယ်၍ ကောင်းတဲသုခဝေဒနာလေးမှာ မမြဲဘူးလို့ မရှုလိုက်မိရင် တဏှာလာတယ်၊ လောဘကိလေ သာလာတယ်၊ ဆင်းရဲတဲ့ ဒုက္ခဝေဒနာလေးမှာ ကြိတ်မှိတ် ခံစားနေရတယ်၊ ဒါဆို ဒေါသကိလေသာ လာတယ်၊ ကောင်းတယ်လည်း မဟုတ်၊ ဆိုးတယ်လို့လည်းပြောလို့မရ၊ အလယ် အလတ်စား ဉပေက္ခာဝေဒနာမှာ မမြဲတာကို မရှုမှတ်လို့ရှိရင် မောဟကိလေသာဝင်တယ်။

အဲဒီတော့ ဘာဝေဒနာပဲလာလာ ယောဂီတို့က မမြဲတဲ့တရားလို့ ယောဂီတို့က စိတ်ထဲကနေ သိပေးလိုက်ရတယ်၊ နည်းနည်း ဉာဏ်လေး ထည့်လိုက်ဦးမယ်ဆိုရင် အဲဒီဝေဒနာ မှီပြီးတော့ ဖြစ်တဲ့ ရုပ်တရားကကော မြဲရဲ့လား၊ (မမြဲပါဘူးဘုရား)။

အဲဒီတော့ ယောဂီတို့ ခွေတွေနာရတာ အတော်များသွားပြီ၊ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ရသ ဩဇာဆိုတဲ့ ရုပ်ရှစ်ပါးဟာ အတုံး အလုံး အခဲ အရေ အဖတ် အမှုန်အမွှားလား၊ ဉဘော တရားလေးလား၊ (သဘောတရားပါဘုရား)။

အဲဒီ သဘောတရားလေးကကော မြဲလား၊ မမြဲဘူးလား၊ (မမြဲပါဘူးဘုရား)၊ အဲဒီတော့ ဒီသုခ ဝေဒနာ ဒုက္ခဝေဒနာ ဉပေက္ခာဝေဒနာဟာ သူ့ဟာသူ ဖြစ်တာလား၊ ရုပ်ကို မှီဖြစ်တာလား၊ (ရုပ်ကိုမှီဖြစ် တာပါဘုရား)။

အဲဒီတော့ ဝေဒနာမှီဖြစ်ရတဲ့ ရုပ်ကကော မြဲသလား၊ (မမြဲပါဘုရား)၊ ဒီတော့ သူမှီဖြစ်ရတဲ့ ရုပ်ကမှ မမြဲရင် မမြဲတဲ့ရုပ်ကို မှီဖြစ်ရတဲ့ ဝေဒနာကကောမြဲမလား၊ (မမြဲပါဘုရား)။

အဲဒါကြောင့် ရုပ်တရားက တစ်စက္ကန့်မှာ အကြိမ်ပေါင်း ကုဋေငါးထောင်ကျော်ဖြစ်ရင်၊ နာမ်တရားဆိုတဲ့ ဝေဒနာပေါင်းက ကုဋေတစ်သိန်း ပျက်တယ်၊ ပျက်တာ မြဲလား၊ (မမြဲပါဘူးဘုရား)၊ မမြဲတာကို ဝေဒနာဟာ မမြဲတဲ့တရားလို့သိရင် သုခဝေဒနာမှာလည်း လောဘမလာတော့ဘူး၊ ဒုက္ခဝေဒနာမှာလည်း ဒေါသမလာတော့ဘူး၊ ဥပေက္ခာဝေဒနာမှာလည်း မောဟ မလာတော့ဘူး၊ ဒါဟာ ဝိပဿနာရဲ့ တန်ဖိုးပဲ။

ဒါ . . သမုဒယသစ္စာရဲ့ ကိစ္စလေးကို ပြောရင်းနဲ့ အရေးကြီးတဲ့ အချက်လေးကို ရှင်းပြလိုက်တာပါ၊ ဒီတော့ ဒုက္ခသစ္စာရဲ့ ကိစ္စက ပရိညာတဗ္ဗကိစ္စ သိရမယ်၊ သမုဒယသစ္စာရဲ့ ကိစ္စက ပဟာတဗ္ဗကိစ္စ ပယ်ရမယ်၊ နိရောဓသစ္စာရဲ့ ကိစ္စက သစ္ဆိကာတဗ္ဗကိစ္စ မျက်မှောက်ပြုရမယ်၊ နိဗ္ဗာန်က ဘာလုပ်ရမှာလဲ၊ (မျက်မှောက် ပြုရမှာပါ ဘုရား)။

အဲဒါ နိဗ္ဗာန်ကိစ္စ၊ မဂ္ဂသစ္စာက ဘာဝေတဗ္ဗကိစ္စ ပွားများရမယ်လို့ ကိစ္စလေးမျိုးရှိတယ်၊ အဲဒီတော့ မနေ့က ဒုက္ခသစ္စာကို ပြောတဲ့နေရာမှ ဇာတိဒုက္ခပြောပြီးပြီ၊ ဇာတိ - ပဋိသန္ဓေနေရာမှာ ဆင်းရဲလား၊ ချမ်းသာလား၊ (ဆင်းရဲပါဘုရား)။

ဆင်းရဲကြပြီ၊ တစ်ခါတည်း ဝမ်းထဲမှာနေ၊ မိခင်က အပူစားရင် ပူ၊ အအေးစားရင် အေး၊ မိခင်က ခါး အကုန်းအကွ မတတ်ရင် ခါးလှန်ချိုးသလို နာ၊ မွေးဖွားလာတော့လည်း ကျဉ်းမြောင်းတဲ့ ယောနိကနေ နင်းကန် ပြီးတော့ တွန်းထွက်လာရတာကိုး၊ ဒါ့ကြောင့် အပြင်ရောက်တော့ ကလေးဟာ ငိုသလား ရယ်သလား၊ (ငိုပါတယ်ဘုရား)၊ ဆင်းရဲလို့လား ချမ်းသာလို့လား၊ (ဆင်းရဲလို့ပါဘုရား)။

ဆင်းရဲလို့၊ မွေးပြီးတာနဲ့ ဇာတိဒုက္ခကတော့ ကုန်မသွားဘူးလား(ကုန်သွားပါတယ်ဘုရား)။ ဇာတိဒုက္ခ ပြီးသွားပြီ၊ အဲဒါဆိုရင် ချမ်းသာမယ်များ မှတ်သလား၊ မချမ်းသာဘူး ယောဂီတို့၊ ဇရာဒုက္ခလာဦးမှာ၊ ဟော- ဇာတိပြီးတော့ ဘာတုန်း၊ (ဇရာပါဘုရား)။

ယောဂီတို့မှာလေ၊ အခုဘဝ လူ့ဘဝရတဲ့အချိန်ကစပြီး အခုချိန်အထိ ဒုက္ခကင်းတဲ့အချိန်ရယ်လို့များ ရှိသလား၊ (မရှိပါဘူးဘုရား)၊ မရှိဘူး၊ အခုဆို ယောဂီတို့ ဦးဇင်းတို့ကိုလေ၊ ဇရာနှိပ်စက်နေတာ၊ ဘာနှိပ်စက်တာပါလဲ၊ (ဇရာပါဘုရား)၊ အိုနေတာလေ၊ မိနစ်နာရီနဲ့ အမျှ ပျိုလာတာလား၊ အိုလာတာလား၊ (အိုလာတာပါဘုရား)။

အိုသွားတာယောဂီတို့ ခံနိုင်ရည် နည်းသွားကြပြီ၊ အရင်ကနဲ့ မတူတော့ဘူး၊ ဦးဇင်းတို့ ယောဂီတို့ အခုဆို မကြာခဏ ဖျားတတ်လာပြီ၊ ဦးဇင်းတို့ ဟိုတုန်းက ကော့သောင်းမှာ ငှက်ဖျားမိတယ်လေ၊ ဒီအခန်းကြီးက အေးတော့ တစ်ကြိမ်ဖျားလိုက်သေးတယ်၊ စမ်းတောက ဒကာမကြီးဒေါ်တင်စီတို့ သေချာကုပေးလို့ ပျောက်သွားတယ်၊ ခံနိုင်အားတွေပေ့ါ၊ မတူတော့ဘူး၊ အဲဒါ အိုလာတာခေါ်တယ်။

ဒါဆိုရင် အဲဒီအိုခြင်းတရားက အရင်တုန်းက ယောဂီတို့ သိတာက အသက်(၇၀) (၈၀) ပါးရေ့, နားရေတွေတွန့်၊ မျက်စိတွေမှုန်မှ နားတွေ ထိုင်းမှ ခါးတွေကိုင်းမှ အိုတယ်ဆိုတာ ဟုတ်ရဲ့လား။ (မဟုတ်ပါဘူးဘုရား)။ နေ့တိုင်းအိုတာ ဟုတ်လား။ (ဟုတ်ပါတယ်ဘုရား) ဒါကြောင့် ဦးဇင်း မကြာခဏပြောတယ်၊ ဒီဆယ့်သုံးခွေထဲမှာ လည်း ပါပါလိမ့်မယ်၊ ယောဂီတို့ နေ့တိုင်း အိုနေတာပါ။

ဟို သတ်မည့်နွားကြီးတစ်ကောင်ကို နွားသတ်ရုံကို ဆွဲသွားရင် တစ်လှမ်းပြီး တစ်လှမ်း သေဖို့ရာ မနီးဘူးလား၊ (နီးပါတယ်ဘုရား) အခုယောဂီတို့ အဲဒီအတိုင်းပဲ၊ ယောဂီတို့ ဦးဇင်းတို့ ဒီအတိုင်းပဲ တစ်ရက်ပြီးတစ်ရက် နာတဲ့နေရာကို သွားနေရတယ်၊ နောက်တော့ သေရမှာပေ့ါ၊ အဲဒီ ဇရာတရားက ယောဂီတို့ကို ဒီနာတဲ့စခန်းဆီကို ပို့ လိုက်ပြီ၊ အသက်ရှစ်ဆယ်ကျော် ကိုးဆယ်ကြတော့ အိပ်ယာထဲ ပက်လက်ကြီးလဲပြီ၊

ဟိုဘက် ဒီဘက်လည်း မပြောင်းနိုင်တော့ဘူး၊ စားတော့လည်း သူများခွံ့ကျွေးမှ စားရတယ်၊ မစင်ကျင်ကြီးတွေလည်း အိပ်ယာထဲကို ပါချရပြီ၊ ကဲ ယောဂီတို့ ဗျာဓိဒုက္ခ၊ ဘာဒုက္ခလဲ။ (ဗျာဓိဒုက္ခပါဘုရား) အိုခြင်းတရားက ယောဂီတို့ကို နာခြင်းရောက် အောင် မပို့ဘူးလား၊ (ပို့ပါတယ်ဘုရား)

ကဲ ပဋိသန္ဓေနေတုန်းကလည်း ဆင်းရဲလိုက်တာ၊ မိခင် ဝမ်းကကျွတ်လို့ ပဋိသန္ဓေဆင်းရဲလည်း လွတ်ရော အိုခြင်းတရားက လာပြီ၊ အစားအသောက်တွေ ပျက်၊ တစ်ခါ အိုခြင်းတရားက ပို့လိုက်ပြန်ပြီ၊ နာပြန်ပြီ၊ ပက်လက်ကြီး မစားနိုင် မသောက်နိုင် သေလည်းမသေနိုင်၊ ယောဂီတို့ သိပ်ဆိုးဝါးလွန်းတယ်နော်၊ အခု ဦးဇင်းရဲ့အသိ ဒီက ကျောင်းဒကာတစ်ယောက်ရဲ့ အဘွားတစ်ယောက်ကို မြင်တော့ ဦးဇင်း စိတ်မကောင်းဘူး၊ တရားကလည်း မသိရှာဘူး၊ သူက လူမျိုးခြားကိုး။

အဲဒါ အဘွားကြီးက အသက်ရှစ်ဆယ်လောက် ရှိပြီ၊ သူက တရားလည်း မသိတော့လေ လာသမျှ မြေး တွေကို ဒေါသနဲ့ အော်ငေါက်ပြီးဆက်ဆံတော့ သူ့နားကို ဘယ်သူမှ မကပ်တော့ဘူး၊ အထီးကျန်ဖြစ်နေတယ်၊ ကြာတော့ သေချင်တယ်၊ ကြည့်စမ်း၊ သူသေချင်တာပဲ သိတယ်၊ အပါယ်ကျမှာကိုတော့ မသိဘူး၊ ဘာသာရေး ဘာမှ မသိရှာဘူး၊ ဗုဒ္ဓဘာသာတော့ ဗုဒ္ဓဘာသာပဲ၊ ဘာဝိပဿနာမှ မသိဘူး။

အဲဒီတော့ သူသေချင်တဲ့အကြောင်းကို သူ့သားသမီးတွေကို ငါ့ကို မြန်မြန်သေအောင် လုပ်ပေးကြပါလို့ ပြောနေရှာတယ်၊ စိတ်ကလည်း တရားမရှိတော့ သတိကလည်း လွတ်ပြီလေ၊ သူငယ်ပြန်သလိုပေါ့၊ တဂျီဂျီနဲ့သေ ချင်တယ်၊ သေချင်တယ်ချည်း ပြောနေတယ်၊ အဲဒါနဲ့ သူ့သားသမီးတွေကလည်း မလိမ့်တပတ်နဲ့ပေါ့လေ၊ အဲဒါဆို ဒီလိုလုပ် အဘွားသေချင်တယ်ဆိုလို့ရှိရင် အရဟံဂုဏ်တော်ပုတီးများများစိတ်၊ မြန်မြန်သေလိမ့်မယ်လို့ ပြောလိုက် တယ်။

အဲဒါကို ယောဂီတို့ အဟုတ်မှတ်ပြီး အရဟံဂုဏ်တော်ကို စိတ်နေတာ သေချင်လို့တဲ့၊ ကြည့်စမ်း ဘယ်လောက်ဆိုးဝါးလိုက်သလဲ၊ ဇရာပေါ့နော်၊ အိုတဲ့ဒဏ် နာတဲ့ဒဏ်တွေလည်း ပါလာပြီ၊ နောက်သူ့ ကိုလည်း အားလုံးက အထီးကျန် ပစ်ထားတော့ သူလောကကြီးကို စိတ်ပျက်သွားတယ်၊ ဒါတရားကြောင့်တော့ မဟုတ်ပါဘူး၊ ဒေါသကြောင့်ပါ၊ ဘာကြောင့်လဲ။ (ဒေါသကြောင့်ပါဘုရား)

ဒေါသနဲ့ စိတ်ပျက်တာဟာ သေရင် ငရဲသွားမှာ၊ မကောင်းဘူး၊ ဒုက္ခတွေကို ပြောပြနေတာပါ၊ ဒါကြောင့် ဒေါသတရား မကောင်းမြင်ဝါဒတွေကို အခုငယ်ငယ်ရွယ်ရွယ်ကတည်းက စွန့်ပစ်၊ မကောင်းမြင်ဝါဒ ဒေါသတရားရှိ တဲ့ပုဂ္ဂိုလ်များ ကြီးရင်လေ ဘယ်သူမှ အနားမကပ်တော့ဘူး၊ ဘယ်သူမှလည်း စေတနာမရှိကြတော့ဘူး၊ အဲဒါကြောင့် ငယ်ငယ်ရွယ်ရွယ်ကတည်းက အဲဒီအကျင့်ကို ဖျောက်၊ ဒေါသလည်း မကြီးနဲ့၊ သူတစ်ပါးကို အပြစ်လည်း မမြင်နဲ့ အကောင်းမြင်ဝါဒကို ရှိရတယ်။

နာပြီတဲ့ ကဲ ယောဂီတို့ နာပြီးတော့ ဘာလာမှာလဲ၊ (သေမှာပါဘုရား) သေပြီတဲ့ ယောဂီတို့၊ သေတာကို တစ်ချို့က သက်သက်သာသာလို့ ထင်ကြတယ်၊ ယောဂီတို့ မသက်သာပါဘူး၊ သေတာဟာ အဆင်းရဲဆုံးပဲ၊ ဘယ်လောက်များ ဆင်းရဲသလဲဆိုရင် တစ်ချို့သေခါနီးပြီဆိုရင်လေ မည်းနက်နေတဲ့ငယ်ချီးတွေ ပါမချဘူးလား၊ (ပါချပါတယ်ဘုရား) တွေ့ဘူးတယ်၊ ရှိကြတယ်နော်၊ အဲဒီ ငယ်ချီးတွေက ပုဆိုးတွေ ထမီတွေကို ပေလို့ရှိရင် လျှော်လို့ မရဘူး၊ စီးပိုင်ပြီးတော့ အဲဒီ ပုဆိုးတွေထမီတွေကို လွှင့်ပစ်ရတယ်။

မချိမဆန့် သေရမယ့်ရောဂါက ပြင်းတော့ မစင်ကျင်ကြီးတွေ ထွက်ပြီးတော့ သေရတာ၊ သေရတာ မဆင်းရဲဘူးလား၊ (ဆင်းရဲပါတယ်ဘုရား) ကြည့်စမ်း ယောဂီတို့၊ သံဝေဂနဲ့ ပြန်ကြည့်စမ်း၊ ယောဂီတို့ ကိုယ့်ရဲ့ဘဝ တစ်လျှောက် ချမ်းသာဆိုတဲ့အကွက်များ တွေ့ရဲ့လား၊ (မတွေ့ပါဘူးဘုရား) မရှိဘူး ယောဂီတို့၊ ဆင်းရဲချည်းပဲ၊ အဲဒီတော့ ယောဂီတို့ ဦးဇင်းတို့ရဲ့ အဖြစ်ကို ပြောမယ်၊ သံဝေဂရအောင်ပေါ့။

February 11, 2009

## သစ္စာလေးပါးတရားတော် အပိုင်း(၂)

ဥပမာလေးတစ်ခု- လူတစ်ယောက်ဟာ တောထဲမှာ သစ်သီး သစ်ဥတွေ အရှာသွားရင်းနဲ့ ကျားတစ်ကောင် နဲ့တွေ့တယ်၊ မှတ်ခဲ့နော် သံဝေဂရဖို့ ယောဂီတို့ ပုထုဇဉ်တွေရဲ့ ဘဝကို ဥပမာပေးတာ၊ အဲဒါ သူပြေးတာပေါ့၊ ကျားက နောက်ကနေလိုက်တော့ သေမှာကြောက်ရှာလို့၊ နောက်တော့ ကျားက သူ့ထက်မြန်တော့ ပြေးလို့ သိပ်မလွတ်ချင်တော့ဘူး၊ မိတော့မယ်၊ အဲဒီအချိန်မှာ ပြေးရင်းနဲ့ ရှေ့နားမှာ ချောက်ကမ်းပါးကြီးတစ်ခုတွေ့တယ်၊ ချောက်ကမ်းပါးကြီးကို တွေ့တော့ ချောက်ကမ်းပါးကိုလည်း မကြောက်နိုင်တော့ဘူး၊ ကဲ ကျားရန်က လွတ်ရင် ပြီးရော ဆိုပြီးတော့ ချောက်ကမ်းပါးကနေ ဖင်ထိုင်ပြီး လျှောချလိုက်တယ်။

ကုန်းစောင်းကြီးပေါ့၊ ဘယ်နေရာမှာ ဆုံးမယ်မှန်းလည်း မသိဘူး၊ ကျားကို ကြောက်လွန်းအားကြီးလို့၊ အဲတော့ တစ်ခါတည်း လျှောကျသွားတယ်၊ ကုန်းစောင်းကြီးကနေပြီးတော့၊ လျှောကျသွားတော့ ယောဂီတို့ရေ၊ “ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး”ဆိုတဲ့ အတိုင်းပဲ၊ ကျားကြောက်လို့ သူက တစ်ခါတည်း ကုန်းစောင်းက လျှောချလိုက်တာ၊ အောက်လမ်းကြည့်လိုက်တော့ အောက်က ချောင်းကြီးကိုဗျ၊ အဲဒီ ချောင်းထဲက မိချောင်းကြီးက အဲဒီလူ ကျလာတာကို မြင်တော့လေ၊ ပါးစပ်ကြီး ဟပြီးတော့ စောင့်နေတယ်။

ကြည့်စမ်း၊ မိချောင်းလည်း မြင်ရော ဆက်ပြီးတော့ လျှောမချရဲတော့ဘူး၊ ကုန်းစောင်းက လမ်းခုလတ် တစ်ဝက်လောက်မှာပေါ့၊ တွေ့တဲ့အပင်ကို ဆွဲထားလိုက်တယ်၊ အောက်လည်း မချရဲတော့ဘူးလေ၊ မိချောင်းက ပါးစပ်ကြီးကို ဖြဲစောင့်နေတာ၊ အဲဒီတော့ အဲဒီချောက်ကမ်းပါး အလယ်တည့်တည့်မှာ ဆွဲမိဆွဲရာ ကိုင်မိကိုင်မိရာပေါ့၊ ချုံပုတ်ကလေးတစ်ခုကို ဆွဲပြီးတော့ တန်းလန်းကြီးဖြစ်နေတယ်၊ ကဲ ယောဂီတို့ စဉ်းစားစမ်း။

အဲဒီအချိန်မှာ အဲဒီလူဟာ ချမ်းသာဆိုတာ ရှိရဲ့လား၊ (မရှိပါဘုရား) အပေါ်က ဘာလဲ၊ ကျား။ အောက်ကဘာလဲ၊ (မိချောင်းပါဘုရား) ကြည့်ကြည့် ယောဂီတို့ရဲ့ ပုထုဇဉ်ဘဝကို ပြောနေတာ၊ အဲဒီအချိန်မှာ သူဆွဲထားတဲ့ သစ်ပင်က သိပ်အကြီးကြီးလည်း မဟုတ်ဘူး၊ ချုံပုတ်အကြီးစားပေါ့၊ ချုံပုတ် အကြီးစားဆိုပေမယ့် အမြစ်က သေးသေးလေးတွေဆိုတော့ ဆွဲထားအရှိန်နဲ့ ပြတ်ပြတ်, ပြတ်ပြတ်လာတယ်၊ နောက်ဆုံး ရေသောက်မြစ်ကြီးပဲ ကျန်တော့တယ်၊ ရေသောက်မြစ်က နည်းနည်းတုပ်တာပေါ့။

ဒါလဲ ကြာလာရင် ပြတ်ကျမှာပဲ၊ အဲဒီအချိန်မှာ ကံဆိုးချင်တော့ အဲဒီအပင်ရဲ့ဘေးနားမှာ ကြွက်အဖြူနဲ့ အမည်း နှစ်ကောင်ဟာ အဲဒီမြေကြီးပေါ် ထွက်ကျနေတဲ့ တစ်မြစ်တည်း ကျန်တဲ့ ရေသောက်မြစ်ကြီးကို (ရေသောက် မြစ်ကလည်း အရသာရှိတဲ့ အပင်ဖြစ်ပါလိမ့်မယ်) ကြွက်မည်းနဲ့ ကြွက်ဖြူနှစ်ကောင်ဟာ တစ်ကောင် တစ်ကိုက်စီ ကိုက်စားနေကြတယ်၊ သစ်မြစ်ကို ဘာလုပ်နေတာလဲ၊ (ကိုက်စားနေပါတယ်ဘုရား)။

အဖြူက တစ်ကိုက် ကိုက်လိုက်၊ အမည်းက တစ်ကိုက်လိုက်နဲ့၊ ကြည့်စမ်း ယောဂီတို့ အဲဒီလူသားမှာလေ ချမ်းသာဆိုတာ ရှိရဲ့လား၊ (မရှိပါဘုရား) ပေါ်အောင်ကြည့်- ပေါ်အောင်ကြည့်ကြ၊ ဒါဥပမာပေးနေတာပါ၊ အဲဒီ အချိန်မှာ ဒီလူသားက ဘာလုပ်နေသလဲဆိုတော့ သူဆွဲထားတဲ့ ချုံပုတ်ပေါ်မှာ ပျားအုံတစ်အုံက ရှိနေပြန်ရော၊ အဲဒီ ပျားအုံကနေပြီးတော့ သူဆွဲထားတဲ့အရှိန်ကြောင့် ပျားအုံက ထိခိုက်ပြီးတော့ ပျားရည်တွေ သစ်ပင်ပေါ်ကနေ စီးကျလာတယ်၊ အရွက်တွေကနေ တစ်ဆင့်ပေါ့၊ သူဆွဲထားတဲ့ ချုံပုတ်က တစ်ဆင့်ပေါ့။

အဲဒီပျားရည်တွေကိုသူက လျှာနဲ့ခံပြီးတော့ လျက်တယ်၊ ဒီအချိန်မှာ အဲဒီလူသားသည် ကျားကိုလည်း သတိမရဘူး၊ မိချောင်းကိုလည်း သတိမရဘူး၊ တစ်မြစ်တည်းသာ ကျန်တဲ့ သူ့အမြစ်ကို ကိုက်စားနေတဲ့ ကြွက်ဖြူ နဲ့ကြွက်မည်းကိုလည်း သတိမရဘူး၊ အဲဒီပျားရည်တွေကို လျက်ပြီးတော့ ဒုက္ခအားလုံးကို

မေ့နေတယ်၊ အဲဒီ ချောက်ကမ်းပါးအလယ်က လူသားဟာ ဘယ်သူလဲဆိုရင် ပုထုဇဉ်၊ ဘယ်သူဘာလိမ့်။ (ပုထုဇဉ်ပါဘုရား)။

ယောဂီတို့ ဘဝတစ်လျှောက်ကို ပြန်ကြည့်စမ်း၊ မွေးတဲ့အချိန်ကနေ အခုအချိန်ထိ သားရေး၊ သမီးရေး၊ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေး စသည်ဖြင့် အရေးကိစ္စတွေ ဆုံးနိုင်ရဲ့လား၊ (မဆုံးနိုင်ပါဘုရား)၊ မဆုံးနိုင်ဘူးနော်၊ ယောဂီတို့ သားအတွက် မျက်ရည်ကျရ၊ သမီးအတွက် ငိုရ၊ လင်အတွက် ပူလောင်ရ၊ ဆင်းရဲဒုက္ခတွေ ဒီကြားထဲ ဒီဝမ်းလေး မဝမှာစိုးလို့၊ မီးလောင်လို့ရှိရင် ကုန်မှာစိုးလို့၊ ရေမျောရင် ကုန်မှာစိုးလို့၊ အပိုဒုက္ခတွေ အဲဒါဟာ ကျား ဆိုးရဲ့ဘေးနဲ့တူတယ်၊ ပစ္စက္ခလူမှုရေး၊ စီးပွားရေး၊ ကြီးပွားရေး၊ သားရေး၊ သမီးရေး ဒုက္ခတွေက ဘာနဲ့တူတုန်း၊ (ကျားဆိုးကြီးလိုက်လာတာနဲ့ တူပါတယ်ဘုရား)။

အဲတော့ စောစောက ပြောခဲ့တဲ့အဘွားကြီးလိုပေါ့၊ သေချင်တယ်ပေါ့၊ ဒုက္ခတွေ အများကြီးပဲ၊ သေတာပဲ ကောင်းတယ်ဆိုပြီးတော့ သေဖို့ရာ ကြံစည်တော့ ဘာတရားမှ ရှိမထားတော့ အပါယ် လေးပါးတည်းဟူသော မိချောင်းကြီးက အောက်က စောင့်နေပြန်ရော၊ ကိုင်း- ချမ်းသာစရာ အကွက်ရှိရဲ့လား၊ (မရှိပါဘူးဘုရား) ယောဂီတို့ အဲဒီအတိုင်းနေရတာ၊ ကိုယ့်ကို ကိုယ်များ လူချမ်းသာထင်မနေနဲ့၊ တကယ့်ဆင်းရဲသမားတွေ ချည်းပဲ၊ ဒုက္ခသည်တွေ တစ်ချို့က ထင်တယ်၊ မီးဘေးဒုက္ခသည်တွေ သနားစရာပဲလို့၊ ယောဂီတို့ မီးဘေးဒုက္ခသည်တွေက သိပ်သနားစရာ မဟုတ်သေးဘူး။

တစ်ချိန်ချိန်ကျရင် ပြန်ပြီးတော့ အဆင်ပြေနိုင်တယ်၊ ယောဂီတို့ အခုကိလေသာမီး ဒုက္ခသည်တွေက ပိုဆိုးတယ်၊ အပါယ်ထိအောင်သွားမှာ၊ အဲဒီတော့ အပါယ်,အပါယ်ဆိုတဲ့မိချောင်းကြီးကလည်း အောက်ကနေ စောင့်နေတယ်။

တစ်ဖန် ကျားကလည်း အပေါ်ကစောင့်၊ မိချောင်းကလည်း အောက်ကစောင့်၊ လွတ်လမ်းမရှိဘူး၊ အဲဒီ လူသားဟာ လွတ်လမ်းမရှာပဲနဲ့ ပျားရည်ကို မက်သလိုပဲ၊ ပုထုဇဉ်လူသားဟာလည်းပဲ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဒုက္ခ၊ သေရင် အပါယ်ကျမယ့်ဒုက္ခ၊ အဲဒီဒုက္ခနှစ်ခုရဲ့ အလယ်မှာ လူမှုရေးဒုက္ခတွေ အပါယ် ဒုက္ခတွေ လွတ်ဖို့အတွက်တော့ သူစိတ်မကူးဘူး၊ ဘာလုပ်နေသလဲဆိုတော့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိဆိုတဲ့ အာရုံငါးပါးအရသာလေး တွေကို ခံစားပြီးတော့ မေ့နေတယ်။

အဲဒါ တရားမေ့နေတဲ့ပုထုဇဉ်တွေကို ပြောတာ၊ ဒါကြောင့် ဘဝတစ်လျှောက်ပုထုဇဉ်တွေကို ပြန်ကြည့်၊ ချမ်းသာအစစ်ဆိုတာရှိရဲ့လား၊ (မရှိပါဘူးဘုရား) မရှိဘူး၊ ဒုက္ခသစ္စာဆင်းရဲတွေ၊ ဒါကို ဗုဒ္ဓက သိစေချင်တာ၊ ဩော်- ငါတို့ ချမ်းသာတကယ် မရှိပါလား၊ အဲဒီကျမှ ယောဂီတို့ သံဝေဂဉာဏ်ဝင်တယ်၊ ဘာဝင်သလဲ၊ (သံဝေဂ ဉာဏ် ဝင်ပါတယ်ဘုရား) အဲဒီတော့ ဓမ္မစကြာမှာ ဒုက္ခသစ္စာကို ရှစ်မျိုးဟောထားတယ်၊ ဘယ်နှစ်မျိုးတဲ့တုန်း။ (ရှစ်မျိုးပါဘုရား)။

နံပါတ်တစ်က ဇာတိဒုက္ခ၊ နံပါတ်နှစ်က ဇရာဒုက္ခ၊ နံပါတ်သုံးက ဗျာဓိဒုက္ခ၊ နံပါတ်လေးက မရဏဒုက္ခ၊ နံပါတ်ငါးက မချစ်သောသူနှင့် အတူနေရခြင်းဒုက္ခ၊ ဒါလည်း ဆင်းရဲပဲလေ၊ နံပါတ်ခြောက်က ချစ်သောသူနှင့် ကွေကွင်းရခြင်းဒုက္ခ၊ နံပါတ်ခုနစ်က မိမိအလိုရှိတာကို မရခြင်းဒုက္ခ၊ ဒါတွေက သံဝေဂဉာဏ်အတွက်ပဲ၊ ဝိပဿနာ ဉာဏ်အတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ်အတွက် အရေးအကြီးဆုံးက ရှစ်ခုမြောက်ဒုက္ခပေါ့၊ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ"လို့ အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးဟာ ဆင်းရဲ။

ဥပါဒါနက္ခန္ဓာငါးပါးဟာ ဘာပါလိမ့်၊ (ဆင်းရဲပါဘုရား) အဲဒါ ဒုက္ခသစ္စာအစစ်ပဲ၊ ဥပါဒါနက္ခန္ဓာငါးပါးဆိုတာ အခုပြောတဲ့ခန္ဓာငါးပါး အတူတူပါပဲ၊ သို့သော် ရဟန္တာများရဲ့ခန္ဓာကြတော့ ရိုးရိုးခန္ဓာလို့ပဲ သုံးတယ်၊ ပဉ္စက္ခန္ဓာ အစွဲအလမ်းမပါဘူး၊ အစွဲအလမ်းကို ဥပါဒါန်လို့ခေါ်တယ်၊ အစွဲအလမ်းဆိုတာ

တဏှာအကြီးစားပါပဲ၊ ဥပါဒါန်ဆို တာလည်း တဏှာပဲ၊ တဏှာက သာမန်စွဲလမ်းတယ်၊ ဥပါဒါန်က မရမနေ စွဲလမ်းတယ်၊ တဏှာအကြီးစားပေါ့၊ ပုထုဇဉ်တွေရဲ့ခန္ဓာကြတော့ အဲဒီအစွဲအလမ်း ဥပါဒါန်ဆိုတာပါတယ်၊ အစွဲအလမ်း ဥပါဒါန်ပါတဲ့အတွက် အဲဒီ ပုထုဇဉ်တွေရဲ့ခန္ဓာကြတော့ ဥပါဒါနက္ခန္ဓာလို့ သုံးတယ်။

အဲဒီ ဥပါဒါနက္ခန္ဓာကိုက ဒုက္ခသစ္စာပဲ၊ ဥပါဒါနက္ခန္ဓာက ဘာတဲ့တုန်း၊ (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာတဲ့၊ ဘာဖြစ်လို့ ဒုက္ခသစ္စာလဲဆိုတော့ ယောဂီတို့ စဉ်းစားကြည့်၊ ကိုင်း- ယောဂီများ မိမိတို့ ရှေ့မှာရှိတဲ့ပန်းအိုးလေးကို လှမ်းကြည့်လိုက်စမ်း၊ နှင်းဆီပန်းအဝါလေးကို မတွေ့ဘူးလား၊ (တွေ့ပါတယ်ဘုရား) မြင်တယ်၊ အဲဒီအချိန်မှာ ဥပါဒါနက္ခန္ဓာငါးပါး ဖြစ်ပြီးတော့ ပျက်သွားပေါ့၊ ဘာမှကို မကျန်အောင်ပျက်သွားတာ၊ ငါလို့စွဲယူစရာ ဘာမှ မကျန်တော့ဘူး။

အဲဒီနှင်းဆီပန်းတည်းဟူသော အဆင်းရုပ်နဲ့ ယောဂီတို့ မျက်စိအကြည်ရုပ်နဲ့တိုက်၊ မျက်စိအကြည်ရုပ်နဲ့ နှင်းဆီပန်းသည် ရုပ်တရားဖြစ်တဲ့အတွက်ကြောင့် ဘာခန္ဓာရတုန်း၊ (ရူပက္ခန္ဓာပါဘုရား) သူသည် တစ်စက္ကန့်မှာ အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပြီးတော့ မပျက်ဘူးလား၊ (ပျက်ပါတယ်ဘုရား) ကဲ ယောဂီတို့ ပျက်သွား တာကို စဉ်းစားကြည့်။

အဲလို ဖြစ်ပြီးတော့ ပျက်သွားတယ်ဆိုတော့ မြဲတဲ့တရားလား၊ မမြဲတဲ့တရားလား၊ (မမြဲတဲ့တရားပါဘုရား) မမြဲတော့ အနိစ္စပေါ့၊ ဆက်ဖြေပါဦး၊ အဲဒီလို ဖြစ်ပြီးတော့ ပျက်သွားတဲ့ မမြဲတဲ့ရုပ်တရားကြီးကို ယောဂီတို့က ဆင်းရဲခေါ်မလား၊ ချမ်းသာခေါ်မလား၊ (ဆင်းရဲခေါ်ပါတယ်ဘုရား) ဒုက္ခပေါ့ ယောဂီတို့၊ တစ်ခါ အဲဒီလို သဘော တရားရုပ် ရူပက္ခန္ဓာပေါင်း အကြိမ်ပေါင်း ကုဋေငါးထောင်ကျော်ပျက်တာကို ယောဂီတို့သည် ဖြစ်ပြီးတော့ မပျက်ပါ စေနဲ့လို့ တားလို့ရလား၊ (မရပါဘူးဘုရား)။

ဒါဆိုရင် မြဲလည်း မမြဲ၊ ဆင်းလည်း ဆင်းရဲပေါ့၊ မမြဲတာကို မြဲပါစေ၊ ဆင်းရဲတာကို ချမ်းသာပါစေလို့ အမိန့်ပေးလို့ မရတဲ့ ဟောဒီရုပ်တရားကြီးကို ယောဂီတို့ရထားတဲ့ရုပ်တရားကြီးကို အတ္တခေါ်မလား၊ အနတ္တခေါ် မလား၊ (အနတ္တခေါ်ပါတယ်ဘုရား) မမြဲတာကို မြဲပါစေ၊ ဆင်းရဲတာကို ချမ်းသာပါစေလို့ အမိန့်ပေးလို့ရရင်တော့ အတ္တခေါ်မှာပေါ့၊ အခု အမိန့်ပေးလို့ရလား၊ (မရပါဘူးဘုရား) အဲဒီတော့ အတ္တလား၊ အနတ္တလား၊ (အနတ္တပါဘုရား)

အနတ္တဆိုရင် မှတ်လိုက်၊ ကိုယ်မပိုင်ဘူးလို့ ပြောတာ၊ ကိုယ်နဲ့ဘာမှ မဆိုင်ဘူးလို့ပြောတာ။ ကိုင်း- ယောဂီတို့ အဲဒီရုပ်တရားဟာ ဒုက္ခသစ္စာအစစ်၊ တစ်ခါ နာမ်တရား၊ အဲဒီလို ပန်းပွင့်လေးကို ကြည့်တော့၊ ဒါပန်းပွင့်လေးလို့ သိမသွားဘူးလား၊ (သိသွားပါတယ်ဘုရား) အဲဒီသိတဲ့စိတ်ဟာ ဝိညာဏက္ခန္ဓာ၊ မြင်သိစိတ်လို့ ခေါ်တယ်၊ ဒီမြင်သိ စိတ်ဟာ ယောဂီတို့ရဲ့မျက်စိအကြည်ရုပ်ထဲမှာ ကြိုပြီးတော့ မရှိဘူး၊ ဟောဒီ နှင်းဆီပန်းအဆင်းရုပ်ထဲမှာလည်း ကြိုပြီးတော့ မရှိဘူး။

သို့သော် နှင်းဆီပန်းတည်းဟူသော အဆင်းရုပ်နဲ့ မျက်စိအကြည်ရုပ်တိုက်တော့ မြင်သိစိတ်မပေါ်ဘူးလား၊ (ပေါ်ပါတယ်ဘုရား) ပေါ်တယ်၊ အဲဒါကို ယောဂီတို့က မသိတော့ ငါမြင်တာ၊ ငါ့မြင်သိစိတ်၊ ဒီမြင်သိစိတ်လေးဟာ ငါ့မျက်စိထဲမှာ အမြဲတမ်း ရှိတယ်၊ အဲလို ထင်တာ မှန်ရဲ့လား၊ (မမှန်ပါဘူးဘုရား) ယောဂီတို့ ဒီတရားတွေ မနာ ခင်တုန်းက ဒီအတိုင်းပဲ ထင်ခဲ့တာမဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား) အဲဒါကို ဘုရားက အမည်တပ်တယ်၊ မိစ္ဆာဒိဋ္ဌိတဲ့၊ ဘာတဲ့တုန်း၊ (မိစ္ဆာဒိဋ္ဌိပါဘုရား) ကြည့်စမ်း ယောဂီတို့၊ ဘယ်လောက်နာဖို့ ကောင်းလဲ။

ဗုဒ္ဓဘာသာဖြစ်ပြီးတော့ အဲဒီလို မိစ္ဆာဒိဋ္ဌိ အယူမှားနေတာ၊ အယူမှားတော့ ဆင်းရဲတာပေါ့၊ ငါမဟုတ်ပဲနဲ့ ငါထင်တော့ ပင်ပန်းတာပေါ့၊ ငါမစွဲသင့်တာကို ငါစွဲတော့ အပါယ်လေးပါးကျတော့ ဒုက္ခရောက်တာပေါ့၊ အဲဒါ တရားမသိလို့၊ ဒါတွေက မသိလို့ မဖြစ်ဘူး၊ ဗုဒ္ဓဘာသာတွေ ဖြစ်ပြီးတော့ ဒါတွေမသိရင် အလကားပဲ၊ ဗုဒ္ဓဘာသာနဲ့ မွတ်ဆလင်ကုလားနဲ့ အတူတူလို့ မှတ်လိုက်ပေတော့၊ မိစ္ဆာဒိဋ္ဌိခြင်းပဲလေ။

အဲဒီလို ဘာသာခြားမှ မိစ္ဆာဒိဋ္ဌိမဟုတ်ဘူး၊ ရုပ်ကို ရုပ်မှန်းမသိ၊ နာမ်ကို နာမ်မှန်းမသိ၊ ငါမရှိတာကို မရှိ မှန်းမသိရင် မိစ္ဆာဒိဋ္ဌိလို့ပဲ မှတ်ထားလိုက်၊ ဒါကြောင့် ဒီတရားတွေဟာ မသိရင် သိပ်နစ်နာတယ်၊ သိအောင်ကြိုး စားကြ၊ အဲတော့ အဲဒီနာမ်တရား ဝိညာဏက္ခန္ဓာ၊ သူက တစ်စက္ကန့်မှာ ကုဋေတစ်သိန်း ပျက်သွားပြီ၊ အဲဒီဝိညာဏ- က္ခန္ဓာနာမ်တရားက ယောဂီတို့ မြဲသလား၊ မမြဲဘူးလား၊ (မမြဲပါဘူးဘုရား) ပျက်သွားပြီ၊ အကြိမ်ပေါင်း ကုဋေတစ် သိန်း။

အဲဒီ မမြဲတဲ့ဝိညာဏက္ခန္ဓာကို ဆင်းရဲခေါ်မလား၊ ချမ်းသာခေါ်မလား၊ (ဆင်းရဲခေါ်ပါတယ်ဘုရား) ဒုက္ခ သစ္စာပေါ့၊ မြဲမှ မမြဲပဲနဲ့၊ မမြဲတာကို မြဲပါစေ၊ ဆင်းရဲတာကို ချမ်းသာပါစေ၊ ပျက်တာကို မပျက်ပါစေနဲ့လို့ အမိန့် ပေးလို့ရသလား၊ (မရပါဘူးဘုရား) မရရင် ကိုယ်ပိုင်သလား၊ မပိုင်ဘူးလား၊ (မပိုင်ပါဘူးဘုရား) ပိုင်ရင်အတ္တ၊ မပိုင်ရင် အနတ္တပေါ့၊ အခုဟာ မပိုင်ဘူးဆိုရင် ဘာပါလိမ့်၊ (အနတ္တပါဘုရား) အနတ္တ။

အဲဒီပန်းပွင့်လေး မြင်တော့ အဆင်းအဝါရောင်လေးပဲ လှလိုက်တာလို့ မခံစားဘူးလား၊ (ခံစားပါတယ်ဘုရား) ခံစားတယ်၊ အဲတော့ အဲဒီခံစားတာက ဝေဒနာက္ခန္ဓာ၊ ဘာတဲ့တုန်း၊ (ဝေဒနာက္ခန္ဓာပါဘုရား) အဲဒီ ခံစား တဲ့ဝေဒနာက္ခန္ဓာလည်း စောစောက သိစိတ်ဝိညာဏက္ခန္ဓာကဲ့သို့ သူလည်း ယောဂီတို့ရေ ဘယ်ထဲမှာပါသွားလဲ၊ မျက်စိအကြည်ရုပ်ထဲမှာလဲ မရှိဘူး၊ ဒီဝေဒနာက္ခန္ဓာကပေါ့၊ ပန်းပွင့်ထဲမှာလည်း မရှိဘူး၊ပန်းပွင့်နဲ့မျက်စိအကြည် ရုပ်နဲ့တိုက်တဲ့ အခါကြမှ ခံစားချက်နာမ်တရားလေးဟာ သူ့ဘာသူ မျက်စိထဲမှာပေါ်ပြီးတော့ သူ့ဘာသူ ပျက် သွားတယ်၊ အကြိမ်ပေါင်း ကုဋေတစ်သိန်း။

ထို့အတူ ဒါဟာ အဝါရောင်နှင်းဆီပန်းလေးပဲလို့ မှတ်သားတဲ့ သညာက္ခန္ဓာသည်လည်း မျက်စိထဲမှာ ဖြစ်ပြီးတော့ မျက်စိထဲမှာ ပျက်သွားတယ်၊ တစ်ခါ အဲဒီပန်းပွင့်လေးကို ဆက်ပြီးတော့ ကြည့်ချင်တဲ့ စေတနာက သင်္ခါရက္ခန္ဓာ၊ သူလည်း မျက်စိထဲမှာ ဖြစ်ပြီးတော့ ပျက်သွားတယ်၊ အားလုံးနာမ်ခန္ဓာလေးပါး၊ ရုပ်ခန္ဓာတစ်ပါး၊ ဒီတော့ အဲဒီနှင်းဆီပန်း အဝါလေးကို ကြည့်ဆဲအချိန်မှာ ယောဂီတို့ရဲ့ ဥပါဒါနက္ခန္ဓာငါးပါးဟာ ဖြစ်ပြီးတော့ ပျက်မသွား ဘူးလား၊ (ပျက်သွားပါတယ်ဘုရား) အေး. . ခန္ဓာငါးပါးလုံးဖြစ်ပြီးတော့ ပျက်တော့ ဒါဟာမြဲတဲ့တရားလား၊ မမြဲတဲ့တရားလား၊ (မမြဲတဲ့တရားပါဘုရား)

အဲဒီမမြဲတဲ့ခန္ဓာငါးပါးကို ဆင်းရဲခေါ်မလား၊ ချမ်းသာခေါ်မလား၊ (ဆင်းရဲခေါ်ပါတယ်ဘုရား) မြဲလည်း မမြဲ၊ ဆင်းလည်း ဆင်းရဲတဲ့ ကိုယ်လည်း မပိုင် အစိုးမရတဲ့အဲဒီခန္ဓာငါးပါးကို ယောဂီတို့က ကိုယ်ပိုင်လို့ပြောမလား၊ ကိုယ်မပိုင်ဘူးလို့ပြောမလား၊ (ကိုယ်မပိုင်ပါဘူးဘုရား) ပိုင်ရင် အတ္တ၊ မပိုင်ရင် အနတ္တ၊ ယောဂီတို့သည် အစိုးမရသော ဒီခန္ဓာငါးပါးကို အတ္တခေါ်မလား၊ အနတ္တခေါ်မလား၊ (အနတ္တပါဘုရား)။

ယောဂီတို့ အဲဒါ အနိစ္စ, ဒုက္ခ, အနတ္တကို တကယ်ခန္ဓာသိနဲ့သိသွားတာ၊ ဝိပဿနာသမား ဆိုတာ အဲဒီလို သိရမှာ၊ ဩော်. . . . ဒီခန္ဓာငါးပါးဟာ ဒီလိုမမြဲတာကို ဒါကြောင့် မြတ်စွာဘုရားက ဒီဥပါဒါနက္ခန္ဓာငါးပါးကိုလည်း ဒုက္ခသစ္စာလို့ ဟောတော်မူတာပါ၊ ဘာသစ္စာတဲ့တုန်း၊ (ဒုက္ခသစ္စာပါဘုရား) ဘုရားက ဒီလိုသိစေချင်တာ၊ ဒါဒုက္ခ သစ္စာရဲ့အချုပ်ပေါ့၊ နောက်ယောဂီတို့ ဆက်ပြီးတော့ သိရမှာက သမုဒယသစ္စာ၊ ဘာသစ္စာတုန်း၊ (သမုဒယသစ္စာ ပါဘုရား)

အဲဒီတော့ ယောဂီတို့ရေ၊ ဒုက္ခသစ္စာဟာ ဟောရင်တော့ မကုန်ပါဘူး၊ အများကြီးပါ၊ ယောဂီတို့သာ တရားနဲ့မသိလို့သာ ဒီခန္ဓာကြီးကို အကောင်းထင်ကြတာ၊ အဲတော့ ဒီနေရာမှာ မိုးကုတ်ဆရာတော်ကြီးပေးတဲ့ ဥပမာလေးကို ထပ်ပြောဦးမယ်၊ ဒါလေးဟာ တော်တော်ကို ကောင်းပါတယ်၊ ဦးဇင်းတို့ ဒုက္ခသစ္စာရဲ့လက္ခဏာ လေးချက်ရှိတယ်၊ ပထမဆုံး အချက်က- ပိဠနတ္ထ၊ ပါဠိလို၊ မြန်မာလိုဆိုရင် နှိပ်စက်တယ်၊ ဒုက္ခသစ္စာက၊ လူတိုင်းကို ဘာလုပ်တတ်သလဲ၊ (နှိပ်စက်တတ်ပါတယ်ဘုရား)။

နှိပ်စက်တာမှ အမြဲတမ်းကို နှိပ်စက်တာ၊ မရပ်မနားကို နှိပ်စက်တာ၊ သို့သော် ယောဂီတို့သည် ဆရာနဲ့ မနာကြားရင် နှိပ်စက်လို့ နှိပ်စက်မှန်းလဲ သိမှာမဟုတ်ဘူး၊ အဲတော့ ရုပ်နဲ့နာမ်ကို ဥပမာပေးရအောင် နာမ်တရားက ခြေလက်ကျိုးပြီးတော့ ဝမ်းတွင်းကတည်းက ရူးလာတဲ့သားနဲ့တူတယ်၊ မှတ်ခဲ့နော်၊ နာမ်တရားက ခြေလက်တွေ ကျိုးနေတယ်၊ ဝမ်းတွင်းကတည်းက ရူးလာတယ်။

သည်းခြေပျက်ပေ့ါ၊ အဲဒါ နာမ်တရား၊ ပြီးတော့ ပေါ်လာလိမ့်မယ်၊ အခုဥပမာလေး စပြောတာပေ့ါ၊ ယောဂီ တို့ ဒါကာမကြီးတစ်ယောက် သားနှစ်ယောက်မွေးတယ်လို့ သဘောထားလိုက်၊ ပထမသားတစ်ယောက်က ခြေလက်က ကျိုးတယ်၊ နောက်ဝမ်းတွင်းကတည်းက ရူးလာတယ်၊ အရူးရောဂါလည်းပါတယ်၊ ခြေလက်တွေလည်း ကျိုးတယ်၊ သားတစ်ယောက်ကပေ့ါ၊ သူက အမွှားပူးမွေးတယ်၊ တစ်ယောက်က အဲဒီလို ခြေလက်ကျိုးတယ်၊ ဝမ်းတွင်းကတည်းက ရူးလာတယ်။

ဟိုဘက်တစ်ယောက်ကကြတော့ ခြေလက်တွေတော့ ကောင်းပါရဲ့၊ မျက်စိက ကန်း၊ မွေးကတည်းက အကန်းလေး၊ ပြီးတော့ သူက ဝမ်းပျက်တဲ့ရောဂါ၊ သူငယ်နာဝမ်းပျက်တဲ့ရောဂါပါလာတယ်၊ မစင်ကျင်ကြီး တဗျစ်ဗျစ်ပေ့ါ၊ ယောဂီတို့ အဲဒီမိခင်နေရာမှာ နေကြည့်စမ်း၊ ဘယ်လောက် စိတ်ဆင်းရဲလိုက်မလဲလို့၊ သား အမွှားပူးနှစ်ယောက်၊ ကောင်းတာများပါရဲ့လား၊ (မပါပါဘူးဘုရား)။

ဟို တစ်ယောက်က ကြည့်စမ်း၊ ခြေတွေ လက်တွေ ကျိုးနေတော့၊ အဲဒီတစ်ယောက်က ပွဲသွားကြည့်ချင် တယ်ဆိုရင် ဒီသားရဲ့ခန္ဓာကိုယ်ကို အမေက ချီပိုးပြီးတော့ မသွားရဘူးလား၊ (သွားရပါတယ်ဘုရား) တစ်ခါပွဲလည်းရောက်ရော အဲဒီသားက အကောင်းလား၊ အကျိုးလား၊ (အကျိုးပါဘုရား) ဝမ်းတွင်းထဲက ရူးလာတာ၊ အရူးဆိုတော့ သူ့အမေကတော့လေ နှစ်မိုင်သုံးမိုင်ရှိတဲ့ပွဲခင်းထဲ ထမ်းပြီးတော့ သွားရရှာတာပေ့ါ၊ ဟိုလည်းရောက်ရော သားက ပွဲမကြည့်ချင်ပြန်တော့ဘူးတဲ့ ဖြစ်သွားပြန်ရော။

ကိုယ့်ရပ်ကွက်ထဲက ဗီဒီယိုဘဲကြည့်တော့မယ်ဆိုလို့ တစ်ခါဗီဒီယိုရုံကို လိုက်ပို့ရပြန်ရော၊ မဆင်းရဲဘူးလား ယောဂီတို့၊ (ဆင်းရဲပါတယ်ဘုရား) ဆင်းရဲတယ်၊ ခြေလက်လည်း ကျိုးနေတယ်၊ ရူးလည်း ရူးနေတဲ့သားတစ်ယောက် ကို ထိမ်းရတဲ့မိခင်တစ်ယောက်ဒုက္ခက ဘယ်လောက်ကြီးလဲလို့။

တစ်ခါ ကျန်တဲ့သားတစ်ယောက်က ကြည့်စမ်းပါဦး၊ မျက်စိကကန်းလို့၊ ဘာမှ မမြင်ရဘူး၊ အရေးထဲ သူငယ်နာဝမ်းပျက်၊ တဗျစ်ဗျစ်နဲ့ ဝမ်းသွားနေတာ၊ အဲတော့ ဝမ်းသွားသမျှ လိုက်ပြီး ကျုံးနေရတော့ သူ့မှာနားရတယ်လို့ မရှိဘူး၊ ဟိုနေရာကြ တဗျစ်ဗျစ်နဲ့ပါ လိုက်ကျုံးရ၊ သန့်ရှင်းရေးလုပ်ရပေ့ါ၊ ဒီကြားထဲ မျက်စိကမမြင်တော့ ယောဂီများ တိုက်လိုက် ခိုက်လိုက် မျက်စိကမမြင်တော့ အနာရောဂါများ ဆေးကုလိုက်ရနဲ့ ယောဂီတို့၊ အဲဒီမိခင်မှာ အားချိန်၊ နားချိန်၊ စိတ်ချမ်းသာချိန် ရှိရဲ့လား၊ (မရှိပါဘုရား)။

သားဆိုးနှစ်ယောက်မွေးထားရလို့ အမြဲတမ်း စိတ်ဆင်းရဲရပြီ၊ ဒါပေမယ့် ခက်သား ယောဂီတို့ရဲ့၊ ချစ်ခင်တော့ အပြစ်မမြင်တဲ့၊ ချစ်ခင်တော့ ဘာတဲ့တုန်း၊ (အပြစ်မမြင်ပါဘုရား) အပြစ်မမြင်ဘူး၊ အဲဒါလည်းလေ မိခင်ကြီးက ဒီသားတွေကို လိုသမျှဖြစ်နေတာပဲ၊ စိတ်ဆင်းရဲတဲ့ကြားထဲက၊ ဒါသံဝေဂယူဖို့ ဥပမာပေးတာပေ့ါ။

တကယ်တော့ အဲဒီသားဆိုးနှစ်ယောက်ဟာ တရားမသိသေးတဲ့လူတိုင်းမှာ ရှိပါတယ်၊ ယောကျ်ားတွေမှာလည်း ဒီသားဆိုးနှစ်ယောက်ရှိတယ်၊ မိန်းမတွေမှာလည်း ဒီသားဆိုးနှစ်ယောက် ရှိတယ်၊ ဒါဆို ဘယ်လို ရှိတာလဲဘုရား၊ ခြေတွေလက်တွေ ကျိုးပြီးတော့ဝမ်းတွင်းထဲက ရူးလာတဲ့သားဆိုတာ နာမ်တရားကိုပြောတာ၊ ဘာကိုပြောတာလဲ၊ (နာမ်တရားကို ပြောတာပါဘုရား) နာမ်ကိုပြောတာ၊ ယောဂီတို့ ဦးဇင်းတို့မှာ စိတ်, စေတသိက်ဆိုတဲ့ နာမ်တရား မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

အဲဒီစိတ်က ဆိုကြပါစို့၊ ဒီကနေပြီးတော့ ရန်ကုန်သွားချင်တယ်၊ စိတ်က သူ့ဟာသူ ဒီခန္ဓာကိုယ်ကြီးပါအောင် သွားလို့ရလား၊ (မရပါဘူးဘုရား) စိတ်က မသွားနိုင်ဘူး၊ ရုပ်က သွားပေးရတာ၊

စိတ်က သွားချင်တာကို ဘယ်သူက သွားပေးရတာလဲ၊ (ရုပ်က သွားပေးရတာပါဘုရား) စိတ်ကိုယ်တိုင် ရောက်အောင်သွားလို့ရလား၊ (မရပါဘူး ဘုရား) မရဘူး၊ ဒါကြောင့် စိတ်လို့ခေါ်တဲ့နာမ်တရားကို ခြေကျိုး လက်ကျိုးဥပမာပေးထားရတာ။

တစ်ခါ အဲဒီစိတ်တရားဟာ တရားမသိရင် ဝိပလ္လာသ- ဖောက်ပြန်တဲ့သဘောတွေ ရှိတယ်၊ ဝိပလ္လာသ (၁၂)ပါးလေ၊ နောက်ဒီမှာ ဆယ့်သုံးခွေထဲ ဆုံးခါနီးကျရင် ပါလိမ့်မယ်၊ ဖောက်ဖောက်ပြန်ပြန် သိမြင်ခြင်း (၁၂)မျိုး ရှိတယ်၊ ဘာတွေလဲဆိုတော့-

ခန္ဓာငါးပါးဟာ အနိစ္စ- မမြဲတာကို နိစ္စ- မြဲတယ်လို့ အယူမှားတယ်၊ ခန္ဓာငါးပါး အနိစ္စ- မမြဲတာကို နိစ္စ- မြဲတယ်လို့ အသိမှားတယ်၊ ခန္ဓာငါးပါး မမြဲတာကို မြဲတယ်လို့ အမှတ်မှားတယ်၊ အနိစ္စမှာ ဝိပလ္လာသ ဘယ်နှစ်ပါးလဲ၊ (သုံးပါးပါဘုရား) နောက် ခန္ဓာငါးပါးဟာ ဆင်းရဲတယ်၊ ခန္ဓာငါးပါး မမြဲတာကို ဆင်းရဲလို့ စောစောက ရှင်းပြပြီးသွားပြီ၊ အဲဒီခန္ဓာငါးပါး ဆင်းရဲတာကို ချမ်းသာလို့ အယူမှားတယ်၊ ခန္ဓာငါးပါး ဆင်းရဲတာကို ချမ်းသာလို့ အသိမှားတယ်၊ ခန္ဓာငါးပါး ဆင်းရဲတာကို ချမ်းသာလို့ အမှတ်မှားတယ်၊ ဝိပလ္လာသဟာ ဒုက္ခမှာလည်း သုံးမျိုး၊ ဘယ်နှစ်မျိုးလဲ၊ (သုံးမျိုးပါဘုရား)။

နောက် ခန္ဓာငါးပါးဟာ အနတ္တလို့ မရှင်းပြခဲ့ဘူးလား၊ (ရှင်းပြခဲ့ပါတယ်ဘုရား) ရှင်းပြခဲ့ပြီလေ၊ နောက်အဲဒါကို ခန္ဓာငါးပါး အနတ္တကို အတ္တ- ငါပိုင်တယ်လို့ အယူမှားတယ်၊ အဲခန္ဓာငါးပါး အနတ္တကို အတ္တ- ငါပိုင်တယ်လို့ အသိမှားတယ်၊ ခန္ဓာငါးပါး အနတ္တကို အတ္တ- ငါပိုင်တယ်လို့ အမှတ်မှားတယ်၊ ဒါ အနတ္တမှာလည်း ဖောက်ပြန်မှား ယွင်းမှု သုံးမျိုး၊ ဘယ်နှစ်မျိုးလဲ၊ (သုံးမျိုးပါဘုရား)

နောက်ဒီခန္ဓာကြီးဟာ တင့်တယ်ရဲ့လား၊ (မတင့်တယ်ပါဘုရား) ယောဂီတို့က အသုဘဆိုရင် သေသွားတဲ့ လူကိုပဲ ထင်တာ၊ ဟုတ်ရဲ့လား၊ (မဟုတ်ပါဘူးဘုရား) တကယ်တမ်း မသေခင်ကတည်းက အသုဘပဲ၊ မတင့်တယ် ဘူး၊ တင့်တယ်အောင် ပြုပြင်မှုနဲ့ဖုံးကွယ်ထားတာ၊ ဟုတ်လား၊ ပြုပြင်ပေးလို့ မိုးလင်းတာနဲ့မျက်နှာ မသစ်ရဘူးလား၊ (သစ်ရပါတယ်ဘုရား) သွားမတိုက်ရဘူးလား၊ (တိုက်ရပါတယ် ဘုရား) တိုက်ရတယ်၊ အချိန်ကျတော့ ရေမချိုးရဘူးလား၊ (ချိုးရပါတယ်ဘုရား) ခေါင်းတွေ မလျှော်ရ ဘူးလား၊ (လျှော်ရပါတယ်ဘုရား) သနပ်ခါးတွေ မလိမ်းရဘူးလား၊ (လိမ်းရပါတယ်ဘုရား) အကျီအဝတ် အစားတွေ မဝတ်ရဘူးလား၊ (ဝတ်ရပါတယ်ဘုရား)။ အမျိုးသမီးတွေဆိုရင် ပိုဆိုးသေးတယ်နော်။

ခန္ဓာကို ကျွန်ခံရတာ ယောဂီတို့၊ အဲလို ယောဂီတို့ ပြုပြင်ပေးလို့သာလျှင် တင့်တယ်,တယ်လို့ ထင်နေရတာ၊ သုံးရက်လောက်သာ မျက်နှာမသစ် သွားမတိုက် ရေမချိုး အဝတ်အစားမလဲဘဲ နေကြည့်လိုက်စမ်း ယောဂီတို့၊ ပုပ်စော်နံလိုက်တာ ယောဂီတို့၊ ကိုယ်ဟာကိုယ်တောင် အနားကပ်နိုင်မှာ မဟုတ်ဘူး၊ ဒီတော့ ဒီခန္ဓာကြီးဟာ သေမှ အသုဘလား၊ မသေခင်ကတည်းက အသုဘလား၊ (မသေခင်ကတည်းက အသုဘပါဘုရား)။

မတင့်တယ်ဘူး၊ ဒါကြောင့် ကြည့်စမ်း၊ အိမ်သာထဲ ဝင်ပြီးတော့ မစင်ကျင်ကြီးတွေ စွန့်ချရ၊ အို ယောဂီတို့၊ အညစ်အကြေးတွေ နေ့စဉ် မစွန့်ရဘူးလား၊ (စွန့်ရပါတယ်ဘုရား)၊ အဲဒီ အချိန်မှာလေ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရစေမယ့် ဒီခန္ဓာကို တွယ်တာတပ်မက်တတ်တဲ့ တဏှာကို တစ်စိတ်တစ်ဒေသ အားဖြင့် သတ်ပေးမယ့် အသုဘဘာဝနာကို ရှုဖြစ်အောင်ရှုပါလို့ အကြံပေးပါရစေ။

အရင်တုန်းကတော့ အိမ်သာတက်၊ တက်ပြီးသွားတာပဲ၊ ဘာမှ ဂရုမစိုက်ပါဘူး၊ အပေ့ါစွန့် စွန့်ပြီးသွားတာပဲ၊ ဘာမှ ဂရုမစိုက်၊ ဘာမှ မသိလိုက်ပါဘူး၊ အခု ယောဂီတို့ ဒီလို မဟုတ်တော့ပါဘူး၊ အမှန်ကတော့ ဒီအကျင့်ဟာ တရားစခန်း မဝင်လည်းဘဲ အိမ်မှာလည်း အမြဲတမ်း ရှုပွားသင့်တယ်၊ ဘာပိုက်ဆံမှ မကုန်ဘဲနဲ့ ကိုယ့်အညစ်ကျေး စွန့်တဲ့အခါမှာလေ ခန္ဓာကြီးကို ပြန်ရှုလိုက်ရတယ်။

မတင့်တယ်ပါလား လို့ပေါ့၊ မတင့်တယ်လို့သာလျှင် အခန်းသေးသေးလေးထဲမှာ တံခါးပိတ်ပြီး စွန့်ရတာပေါ့၊ လူမြင်လို့ ဘယ်လိုမှ မတင့်တယ်ဘူးပေါ့၊ အဲဒါ အသုဘ၊ မြင်လို့ မတင့်တယ်တာဘာတဲ့၊ (အသုဘပါဘုရား)။

အသုဘဆိုတာဒါကို ပြောတာ၊ ရွံစရာကြီးပါလား၊ ငါတို့ လူတစ်ယောက်ဆိုရင် အပေါက်ကိုး ပေါက်က ကြည့်စမ်း၊ ပေါ်ထွက်လည်း ရွံစရာ၊ အောက်ဆင်းလည်းပဲ ရွံစရာတွေပဲ၊ ကောင်းတာ၊ မြတ်နိုး တာ ဘာမှထွက်မလာပါလား၊ အဲဒါကို ယောဂီတို့သည် အညစ်ကျေးတွေ စွန့်တိုင်း ရွတ်ပွားပါ၊ အဲဒါကို အသုဘဘာဝနာလို့ ခေါ်တယ်၊ ဘာလို့ခေါ်လဲ၊( အသုဘဘာဝနာပါဘုရား)။

အနာဂါမ်ကနေပြီးတော့ ရဟန္တာဖြစ်အောင် ရှုပွားပြီဆိုရင် အသုဘကို ပိုပြီးတော့ ရှုကြရတာ၊ ခန္ဓာကို တွယ်တာတဲ့ ကာမတဏှာကို ကုန်ဖို့အတွက်ပေါ့၊ ဒါလည်း လိုအပ်တယ်၊ များများရှုပေး၊ အဲဒီတော့ ယောဂီတို့သည် မိမိခန္ဓာလည်း မတပ်မက်တော့ဘူး၊ မိမိခန္ဓာကို ရွံစရာကြီးလို့ မြင်တဲ့ပုဂ္ဂိုလ်ဟာ သူများခန္ဓာကိုယ်ကိုလည်း ဘယ်တော့မှ မတပ်မက်တော့ဘူး။

ဒါဟာ ကျင့်ယူမှ ရတယ်၊ အလကားမရဘူး၊ ရဟန္တာဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီအတိုင်း ကျင့်သွားကြတာ၊ ယောဂီတို့လည်း ကျင့်ကြနော်၊ တဏှာနည်းရင် ဒုက္ခနည်းတာပေါ့၊ ယောဂီတို့ တဏှာ နည်းရင် ဘာနည်းတယ်၊ (ဒုက္ခ နည်းတာပါဘုရား)။

ဒုက္ခနည်းတယ်၊ အခု ယောဂီတို့ နောက်နိဗ္ဗာန်ကျရင် လာပါလိမ့်မယ်၊ အရင်တုန်းကဆိုရင် နိဗ္ဗာန်ဆိုတာ ဘာမှမရှိဘူး၊ ချုပ်ပြောက်လို့ ထင်ကြတာပေါ့၊ ဓမ္မစကြာမှ ဗုဒ္ဓဟောတဲ့ နိဗ္ဗာန်က ပိုပြီးတော့ ရှင်တယ်၊ **တဿေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိအနာလယော** ရှင်းလိုက်တာ၊ မြတ်စွာဘုရားက ဓမ္မစကြာမှာ နိရောဓသစ္စာကို ဖွင့်ပြတယ်။

နိဗ္ဗာန်ဆိုတာ တဿေဝ တဏှာယ အသေသဝိရာဂနိရောဓော -တဏှာအကြွင်းမဲ့ ကုန်သွာတာ နိဗ္ဗာန်၊ ကြည့်စမ်း လောဘတဏှာ အကြွင်းမဲ့ ကုန်သွားတာကို ဘာလို့ခေါ်တာတုန်း၊ (နိဗ္ဗာန်ပါဘုရား)၊ ရှင်းပါတယ် သိပ်ရှင်းပါတယ် ယောဂီတို့ တဏှာကုန်တာ ဘာတဲ့လဲ၊ (နိဗ္ဗာန်ပါဘုရား)။

နိဗ္ဗာန်ရချင်ရင် တဏှာကို ပွားအောင်လုပ်ရမှာလား၊ နည်းအောင်လုပ်ရမှာလား၊ ချုပ်အောင် လုပ်ရမှာလား၊ (ချုပ်အောင် လုပ်ရမှာပါဘုရား)၊ ဒါ့ကြောင့် အညစ်ကျေးစွန့်တိုင်း “ငါ့ ခန္ဓာကြီးက ရွံစရာကြီးပါလား၊ ဒီအညစ်ကျေးတွေ ထမ်းပိုးပြီးတော့ သွားလာနေကြရတာ၊ ဘာမှ တပ်မက်စရာ မရှိပါ လား၊ ရွံစရာကြီးပဲလို့ စက်ဆုပ်စရာကြီးပဲ” လို့ ရှုပွား လိုက်တာကို မှတ်လိုက်ပါ၊ တဏှာကို သတ်နေတာ၊ ဘာကို သတ်နေတာလဲ၊ (တဏှာကို သတ်နေတာပါဘုရား)။

အဲဒီလို ဖြည်းဖြည်းချင်း သတ်သွားရတာ၊ ဒါ့ကြောင့် ယောဂီတို့ကို ဦးဇင်းက အကြံပေးပါရစေ၊ ဘယ်မှာပဲ ယောဂီတို့ အားထုတ်သည်ဖြစ်စေ မင်္ဂဖိုလ်ဆိုတာ အချိန်ကျမှ ရတာ၊ အချိန်မတန်ရင် ဘယ် လောက်ပဲ မအိပ်မနေ အားထုတ်သည်ဖြစ်စေ မရနိုင်ပါဘူး၊ သူ့အချိန်တန်မှကို ရတာ၊ ဒါ့ကြောင့် အချိန်ကိုတော့စောင့်၊ ပုံမှန်လေးပဲ ရှု၊ အခု ပြီးခါနီးလေးမှာ အတွေးခေါ်လေးတစ်ခု ပေးလိုက်ချင်ပါတယ်။

ဘာလဲဆိုတော့ တရားရှုပွားတဲ့အခါမှာ မြန်မြန်လိုချင်ရင် နှေးနှေးမှ ရတတ်တယ်၊ များများလို ချင်ရင် နည်းနည်းလေးပဲ ရတတ်တယ်၊ ဒါ့ကြောင့် ဝိပဿနာတရားဟာ စီးပွားရှာသလို မဟုတ်ပါဘူး၊ လောဘ မကြီးရဘူး၊ ပြီးတော့ နိဗ္ဗာန်ဆိုတာလည်းပဲ အတုံး၊ အလုံး၊ အခဲ၊ အမြတ်အစွန်း မဟုတ်ပါဘူး၊ တဏှာကုန်သွားတာကို ပြောတာ၊ ဘာကုန် သွားတာ၊ (တဏှာကုန်သွားတာပါဘုရား)။

ဒါဆို လိုချင်တတ်တဲ့ တဏှာတွေကို သတိရတိုင်း သတ်ပေးရမယ်၊ အပေါ်မခံနဲ့ပေါ့၊ ပေါ်လာရင် ပေါ်လာမှန်း သိလိုက်တာဟာ တဏှာကို သတ်လိုက်တာပဲ၊ အေးမနက်ဖြန်ခါမှ ရုပ်နဲ့နာမ်က ယောဂီတို့ကို နှိပ်စက်ပုံကို ဆက်ဦးမှာပေါ့၊ ဒီမှာ သမုဒယသစ္စာကို ပိုင်နိုင်အောင် ပြောပေးမယ်။

ဒ့ါကြောင့် ယောဂီတို့သည် ဒုက္ခသစ္စာလို့ ခေါ်တဲ့ ဒီရုပ်နာမ် ၂ ပါးရတာဟာ သမုဒယသစ္စာကြောင့် ဖြစ်ခဲ့တယ်၊ ဒ့ါကြောင့် သမုဒယသစ္စာ (တဏှာ) ကို အာရုံခြောက်ပါး တိုက်ဆိုင်တိုင်း အဝင်မခံကြပါနဲ့၊ သတိပြုကြပါ၊ အကယ်၍ ဝင်လာပြီဆိုရင်လည်း "ငါ့မှာ လောဘဖြစ်နေပြီလို့ မဂ္ဂင်နဲ့ ကြည့်ပေးပြီးတော့ တဏှာကို ကုန်အောင်၊ ခန်းအောင် သတ်နိုင်တဲ့ ပုဂ္ဂိုလ်များ မုချမသွေဖြစ်ကြပါစေကုန်သတည်း။ ။

သာဓု . . . သာဓု . . . သာဓု . . . ။

**မေတ္တာရှင်(ရွှေပြည်သာ)**